# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၄၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

### ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း
ဥပဒေပြဋ္ဌာန်း | စာ ၅

### ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပြဋ္ဌာန်း
ဥပဒေပြဋ္ဌာန်း | စာ ၆

### ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ...
ဆောင်းပါး | စာ ၁၁

### အင်ဒိုနီးရှားနိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီတွင် လျှပ်စစ်ကားအားသွင်းစခန်း ပေါင်း ၆၃၀၀၀ တည်ဆောက်မည်
နိုင်ငံတကာသတင်း | စာ ၁၈




ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ကောက်စိုက်သမများ နွေစပါးစိုက်ပျိုးနေမှုကို တွေ့ရစဉ်။

## ထန်းတပင်မြို့နယ်၌ နွေစပါးဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးလျာထားဧကထက် ကျော်လွန်အောင်စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ နွေစပါးလျာထားစိုက်ဧက ၄၇၀၀၀ ကျော်ရှိသည့်အနက် ဧက ၃၈၈၀၀ ကျော်စိုက်ပျိုးပြီးစီးကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆



ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ တိုက်ရိုက် နှင့် အရောင်းကိုယ်စားလှယ်များထံမှ လိုအပ်သလောက် ဝယ်ယူရရှိနိုင်ပါသည်။**

RHINO PORTLAND CEMENT

DOUBLE ELEPHANT PORTLAND CEMENT

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)မြို့ကလေး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉ ၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)ပြည်ညောင်
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

BLUE DIAMOND CEMENT PORTLAND CEMENT 50 Kg

မြင်းပျံ PORTLAND CEMENT

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# သာသနာရေးဦးစီးဌာနနှင့်ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်တို့အကြား သာသနာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (LOA) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်တို့အကြား သာသနာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (LOA) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။




အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E Mr. Iskander AZIZOV နှင့် သံရုံးတာဝန်ခံများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရှေ့တောင်အာရှ ဒေသလုံးဆိုင်ရာစင်ကာပူ အော်သိုဒေါ့ ခရစ်ယာန်သာသနာ့ဂိုဏ်းချုပ်၊ His Enineence Sergiy Metropolaitan of Singapore and South – East Asia အရှေ့တောင်အာရှဆိုင်ရာ ရုရှားအော်သိုဒေါ့ ခရစ်ယာန်အသင်းတော်၏ မြန်မာနိုင်ငံဆိုင်ရာ အသင်းတော်တာဝန်ခံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သဘောတူစာချုပ် (LOA) နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သာသနာရေးလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်းဆိုင်ရာ သဘောတူစာချုပ် (LOA) လက်မှတ်ရေးထိုးခြင်းကို နှစ်ဖက်တာဝန်ရှိကိုယ်စားလှယ်များက အခမ်းအနားအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

ယင်းနောက် ရုရှားအော်သိုဒေါ့ခရစ်ယာန် အသင်းတော်နှင့် စင်ကာပူအော်သိုဒေါ့ ခရစ်ယာန်သာသနာ့ဂိုဏ်းချုပ် ဘုန်းတော်ကြီးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# National AI Strategy & National AI Policy (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာစတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့ နံနက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံးအမှတ်(၂၁) အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် National AI Strategy နှင့် National AI Policy (မူကြမ်း) ရေးဆွဲခြင်းဆိုင်ရာ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၅) တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

**ပူးပေါင်းဆောင်ရွက်သွားရ**

အစည်းအဝေး တွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်း၌ ဉာဏ်ရည်တုနည်းပညာ (Artificial intelligence–AI) သည် စီးပွားရေးနှင့် လူမှုအဖွဲ့အစည်းတွင် လျင်မြန်စွာတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံတွင်လည်း ဉာဏ်ရည်တုနည်းပညာ (AI)ကို နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အကျိုးရှိစွာ အသုံးချနိုင်ရေး၊ နိုင်ငံသားများ လိုက်နာရမည့် ကျင့်ဝတ်များ၊ စံနှုန်းများ၊ စည်းမျဉ်းများကို လွှမ်းခြုံသိရှိစေရန်၊ ဒေသတွင်းဉာဏ်ရည်တုနည်းပညာ (AI) ဆိုင်ရာ ကျွမ်းကျင် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရေး နိုင်ငံတကာနှင့် ချိတ်ဆက်၍ စနစ်တကျဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ မူဝါဒကိုရေးဆွဲရခြင်းဖြစ်ကြောင်း၊ ဉာဏ်ရည်တုနည်းပညာ(AI)ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။



**ဝိုင်းဝန်းအကြံပြုဆွေးနွေး**

ထို့နောက် National AI Strategy & National AI Policy (မူကြမ်း)ရေးဆွဲရေးအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

**ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်**

အစည်းအဝေးသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်း၊ နေပြည်တော် MSME Agency၊ မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ ပညာရှင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။**သတင်းစဉ်**

◆ ***ရှေ့ဖုံးမှ***

ထန်းတပင်မြို့နယ်အတွင်း ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် နွေစပါးလျာထားစိုက်ဧက ၄၇၄၂၅ ဧကရှိသလို လက်ရှိအချိန်တွင် ဧကပေါင်း ၃၈၈၅၉ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး လျာထားဧကထက် ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း တာဝန်ရှိသူများက တောင်သူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ထန်းတပင်မြို့နယ်အတွင်းမှာရှိတဲ့ တောင်သူတွေ စပါးစိုက်ပျိုးတဲ့နေရာမှာလုပ်အား ကုန်ကျမှုစရိတ်တွေ၊ မျိုးစေ့နှုန်းထား ကုန်ကျမှုစရိတ်တွေသက်သာဖို့နဲ့ စပါးအထွက်နှုန်းတိုးတက်လာဖို့အတွက်ဆိုပြီးတော့ နွေစပါးဧက ၁၀၀ စံပြစိုက်ခင်းမှာ စိုက်ပျိုးနည်းစနစ်တွေကို သက်ဆိုင်ရာကွင်းအလိုက်မှာ တောင်သူအသိပညာပေး နွေစပါးလက်တွေ့စိုက်ပျိုးပြသပေးလျက် ရှိပါတယ်။ ဒါ့အပြင်ကို နည်းပညာ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက်ကိုလည်း ကူညီပံ့ပိုးဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစောဝင်းကိုက ပြောသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့၏ (၁/၂၀၂၅) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဦးညဏ်ထွန်း၊ ဦးချစ်ဆွေ၊ ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံးနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

ရှေးဦးစွာ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကိုပြည်တွင်းသယ်ယူပို့ဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ ကြီးကြပ်နိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရန် လိုအပ်လျက်ရှိကြောင်း။

**ပြင်ဆင်ပြုစုထားရှိပြီးဖြစ်**

ထို့ပြင် ခဲအရည်ကျိုလုပ်ငန်းနှင့် ပတ်သက်ပြီး ခဲဆိပ်သင့်မှုကို အထိရောက်ဆုံးကာကွယ်နိုင်ရန်နှင့် စဉ်ဆက်မပြတ်ကြီးကြပ်နိုင်ရန်အတွက် "ခဲအရည်ကျိုလုပ်ငန်းနှင့်စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာစည်းကမ်းချက်များ သတ်မှတ်ခြင်း" ညွှန်ကြားချက် ထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ပြုစုထားရှိပြီးဖြစ်ကြောင်း။

**အတည်ပြုချက်ရယူသွားမည်**

ယခုအစည်းအဝေးတွင် "နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များ ပြင်ဆင်ဖြည့်စွက်ခြင်းအမိန့်ကြော်ငြာစာ"၊ "ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ ညွှန်ကြားချက်"နှင့် "ခဲအရည်ကျိုလုပ်ငန်းနှင့် စပ်လျဉ်း၍ အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်းညွှန်ကြားချက်" များကို ထုတ်ပြန်ရန်အတွက် ဗဟိုဦးစီးအဖွဲ့၏ အတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ အတွင်းရေးမှူးက ဗဟိုဦးစီးအဖွဲ့နှင့် ဗဟိုကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှု၊ ဗဟိုဦးစီးအဖွဲ့မှ ဆုံးဖြတ်ရမည့် အမှာစာများ၊ ဥပဒေနှင့် နည်းဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက လုပ်သားများ၏ ကျန်းမာရေးနှင့်အသက်အန္တရာယ် ထိခိုက်မှုမရှိစေရေး ကြိုတင် ဆန်းစစ်ရန်၊ ထိရောက်သည့် စီမံခန့်ခွဲမှုစနစ်များ ဆောင်ရွက်ရန်၊ ဆိုးကျိုးသက်ရောက်မှုမရှိစေရေး၊ ခဲအရည်ကျိုစက်ရုံများ အနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက် အစီရင်ခံစာ(EIA)ခွင့်ပြုချက်ရရှိမှသာ လုပ်ငန်းများဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းက လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုလျက်ရှိသည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အသုံးပြုရသဖြင့် စနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အလုပ်ရုံများအက်ဥပဒေတွင် ဘေးအန္တရာယ်ဖြစ်စေသည့်အခိုးအငွေ့များ၊ စွန့်ပစ်ပစ္စည်းများ၊ ပေါက်ကွဲစေတတ်သည့်(သို့မဟုတ်)မီးတောက်လောင်စေတတ်သည့် အမှုန်အမွှားအခိုးအငွေ့များနှင့် စပ်လျဉ်း၍ စက်ရုံ/အလုပ်ရုံများ လိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများသည် စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုမှု၊ ဓာတုဗေဒပစ္စည်းများကို သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာချက်များနှင့်အညီ တင်သွင်းရန် ခွင့်ပြုပေးမှုနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာအလိုက် ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက နိဂုံးချုပ် အမှာစကား ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စက်မှုဝန်ကြီးဌာနမှ Win & Win Co., Ltd. မှ ငှားရမ်းထားသည့် စက်ဘီးစက်ရုံ (ကျောက်ဆည်) ၌ SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ထားသည့် အထူးကြပ်မတ်ကုသဆောင်များတွင် အသုံးပြုမည့်ဆေးရုံသုံးခုတင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ် စတင်ဆောင်ရွက်

## ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိလူနာများရှိပါက အရေးပေါ်ခေါ်ဆိုမှု ဖုန်းနံပါတ် "192" ကို ခေါ်ဆို၍ လူနာတင်ယာဉ်ခေါ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နေပြည်တော် ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ်စနစ် စတင်ဆောင်ရွက်ခြင်း အသိပေးမိတ်ဆက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပေး မိတ်ဆက်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ(NRSC) သုတေသနပြုရေးနှင့်ကျန်းမာရေးဆပ်ကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ယာဉ်ထိန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာ့ လုပ်အားရှင်များနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြသည်။

**အရေးပေါ်အကူအညီပေး**

အသိပေး မိတ်ဆက်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ဝေသော Global Status Report on Road Safety (2023) အရ ၂၀၂၁ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ယာဉ်တိုက်မှုကြောင့် သေဆုံးဦးရေသည် အရှေ့တောင်အာရှဒေသတွင် အများဆုံးဖြစ်ပြီး အသက် ၅ နှစ်မှ ၂၉ နှစ်အထိ လူငယ်များ အများဆုံး သေဆုံးရသည့်အကြောင်းရင်းမှာ ယာဉ်တိုက်မှုကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ယာဉ်တိုက်မှုများကြောင့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးအပါအဝင် ကာကွယ်ရေးလုပ်ငန်းများသာမက ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်အကူအညီပေးခြင်းနှင့် ထိရောက်စွာ ဆေးဝါးကုသပေးခြင်း စသည့် ယာဉ်တိုက်မှုဖြစ်ပွားပြီး တုံ့ပြန်ဆောင်ရွက်ခြင်း (Post-Crash Response)မှာလည်း အရေးကြီးသည့်လုပ်ငန်းစဉ်ဖြစ်ကြောင်း။

**ထိခိုက်ဆုံးရှုံးမှုများကို ကာကွယ်**

**ယာဉ်တိုက်မှု များတွင် မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်းခြင်းနှင့် အသက်ကယ်ထိုင်ခုံခါးပတ် မဝတ်ဆင်ခြင်းတို့ကြောင့် အသက်အန္တရာယ်ဆုံးရှုံးမှုများသဖြင့် ပညာပေးရေးလုပ်ငန်းများ အရေးကြီးကြောင်း၊** ယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် တုံ့ပြန်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ရာတွင် အရေးပေါ်လူနာတင်ယာဉ်စနစ် (Emergency Medical Services-EMS) ပါဝင်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်ပွားရာနေရာမှာ ရှေးဦး အသက်ကယ်ပြုစုကုသမှု ဆောင်ရွက်နိုင်ခြင်း၊ လူနာကို ဆေးရုံသို့ သယ်ဆောင်ချိန်တွင် လိုအပ်သော ပြုစုကုသမှုဆောင်ရွက်ပေးနိုင်ခြင်း၊ ထိခိုက်ဒဏ်ရာရလူနာများအတွက် လိုအပ်သည့်ကုသမှုကို အချိန်မီဆောင်ရွက်ပေးနိုင်ခြင်းဖြင့် မလိုလားအပ်သော အသက်ဆုံးရှုံးမှု၊ ကိုယ်လက်အင်္ဂါဆုံးရှုံးမှုများနှင့် နောက်ဆက်တွဲ လူမှုစီးပွား ထိခိုက်ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည် ဖြစ်ပါကြောင်း။

ယနေ့ စတင်ဆောင်ရွက်မည့် နေပြည်တော် ကောင်စီနယ်မြေ အရေးပေါ်လူနာတင်ယာဉ်စနစ်ကို နေပြည်တော်ရှိမြို့နယ်ခုနစ်မြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ လူနာတင်ယာဉ်စခန်း ခုနစ်ခု၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ လူနာတင်ယာဉ်စခန်း နှစ်ခု၊ စုစုပေါင်း ကိုးခု ဖွင့်လှစ်၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ကနဦးအနေဖြင့် ယာဉ်တိုက်မှုကြောင့် ဖြစ်ပွားသည့်ထိခိုက်ဒဏ်ရာရရှိသောလူနာများအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပွားသည့် ယာဉ်တိုက်မှုအခြေအနေ၊ ယာဉ်အန္တရာယ်၊ လမ်း အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက နေပြည်တော် ကောင်စီနယ်မြေအတွင်း အရေးပေါ်လူနာတင်ယာဉ် စနစ်ဆောင်ရွက်နိုင်ရေး စီစဉ်ထားရှိမှုအခြေအနေကို ရှင်းလင်းပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များသည် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုကြသည်။**(အပေါ်ပုံ)**

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ဖွင့်လှစ်ထားရှိသည့် "EMS 192 Command and Control Center" သို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုပြီး လူနာတင်ယာဉ်များဖြင့် လူနာများ ကယ်ဆယ်ပို့ဆောင်ရေးလုပ်ငန်းသရုပ်ပြမှုများ၊ လူနာတင်ယာဉ် ပြင်ဆင်ထားရှိမှုများနှင့် Ambulances Crew စုဖွဲ့မှုများကို ကြည့်ရှုစစ်ဆေးကြသည်။

**လူနာတင်ယာဉ်ခေါ်ယူနိုင်**

အရေးပေါ် လူနာတင်ယာဉ်စနစ်ကို နေပြည်တော်ရှိ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ လယ်ဝေးနှင့်ပျဉ်းမနားမြို့နယ်များတွင် လူနာတင်ယာဉ်စခန်းကိုးခု ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်ပြီး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိလူနာများ ရှိပါက အရေးပေါ်ခေါ်ဆိုမှု ဖုန်းနံပါတ် "192" ကို ခေါ်ဆို၍ လူနာတင်ယာဉ်ခေါ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုံးခွန်အက်ဥပဒေ(The Court Fees Act)ကို ပြင်ဆင်သည့်ဥပဒေအား သတင်းထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃ /၂၀၂၅ ဖြင့် ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ စတင်အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

# ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၃ /၂၀၂၅)
၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်
(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုံးခွန်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၃။ ရုံးခွန်အက်ဥပဒေ ဇယား ၁ ၏ အမှတ်စဉ် ၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

**SCHEDULE I**

**AD VALOREM fees**

| Number | | Proper Fee |
|---|---|---|
| 1. Plaint, written statement pleading set-off or counter claim or, memorandum of appeal (not otherwise provided for in this Act) or of cross-objection presented to any Civil Court or Revenue authority except those mentioned in section 3. | (a) When the amount or value of the subject matter in dispute does not exceed 100,000,000 Kyats (Hundred Million Kyats); | - 0.5 per centum on the amount or value specified in such document. |
| | (b) When such amount or value exceeds 100,000,000 Kyats (Hundred Million Kyats), up to 1,000,000,000 Kyats (One Billion Kyats); | - 1,000,000 Kyats (Ten Hundred Thousand Kyats) Fixed Fees. |
| | (c) When such amount or value exceeds 1,000,000,000 Kyats (One Billion Kyats), up to 3,000,000,000 Kyats (Three Billion Kyats); | - 1,500,000 Kyats (Fifteen Hundred Thousand Kyats) Fixed Fees. |
| | (d) When such amount or value exceeds of 3,000,000,000 Kyats (Three Billion Kyats). | - 3,000,000 Kyats (Thirty Hundred Thousand Kyats) Fixed Fees. Provided that the maximum fee leviable shall be Kyat 3,000,000 (Thirty Hundred Thousand Kyats). |

၄။ ရုံးခွန်အက်ဥပဒေဇယား ၁ ၏ အမှတ်စဉ် ၁၁ နှင့် ၁၂ တို့ပါ ထိုက်သင့်သော ရုံးခွန်စာတိုင်တွင် ပါရှိသော “kyat 500,000” ဆိုသည့် စကားရပ်ကို “kyat 3,000,000 (Thirty Hundred Thousand Kyats)” ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



# (၃၁)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

နှစ်(၈၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် (၃၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ (က) အဆင့်နှင့် (ခ)အဆင့် ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

(က)အဆင့်ပြိုင်ပွဲတွင် စစ်တက္ကသိုလ် စစ်တီးဝိုင်းအသင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စစ်တီးဝိုင်းပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကော့သောင်း၌ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို ယူနက်စကိုတင်သွင်းနိုင်ရေး ပညာပေးလှုပ်ရှားမှုဆောင်ရွက်

**ကော့သောင်း ဖေဖော်ဝါရီ ၁၈**

မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ကို ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ ၂၀၂၅ ခုနှစ် မတ်လမတိုင်မီ အမည်စာရင်း တင်သွင်းနိုင်ရေးအတွက် ကော့သောင်းမြို့ အထက(ခွဲ) အလက(၂)ကျောင်း၌ ယနေ့ နံနက်ပိုင်းက မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်များ ဆောင်ရွက်သည်။



မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ဆိုင်ရာများကို ပညာပေးဆောင်ရွက်ခဲ့ရာ အထက(ခွဲ) အလက(၂)ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလင်းလင်းထိုက်က မြန်မာ့သနပ်ခါး၏ အကျိုးကျေးဇူးများကို ပညာပေးဟောပြောပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ကိုယ်တိုင် သနပ်ခါးသွေးလိမ်းခြယ်ခြင်းနှင့် အချင်းချင်းအပြန်အလှန် ပျော်ရွှင်စွာ လိမ်းခြယ်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ**
**( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄ / ၂၀၂၅ )**
**၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်**
**( ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

( ခ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု** ဆိုသည်မှာ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ရုံး၊ နေအိမ်၊ သိုလှောင်ရုံ၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်၊ ဘဏ်၊ ကျောင်း၊ ဈေး၊ ဆေးရုံ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်း၊ အများပြည်သူဆိုင်ရာအခမ်းအနား သို့မဟုတ် သာသနိကနေရာအပါအဝင် မည်သည့်နေရာတွင်မဆို လူပုဂ္ဂိုလ်နှင့် ပစ္စည်းလုံခြုံရေးအတွက် ပုဂ္ဂလိကဆောင်ရွက်သည့် ဝန်ဆောင်မှုကို ဆိုသည်။

( ဂ ) **ဝန်ဆောင်မှုရယူသူ** ဆိုသည်မှာ လိုင်စင်ရရှိသူထံမှ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ရယူသူကို ဆိုသည်။

(ဃ) **လိုင်စင်** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို အခကြေးငွေရယူ၍ လုပ်ကိုင်ရာတွင် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခြင်းကိုပါ ဆောင်ရွက်နိုင်သည့် ဤဥပဒေအရ ခွင့်ပြုပေးသောလိုင်စင်ကို ဆိုသည်။

( င ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိသော ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်အပ်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသောခွင့်ပြုမိန့်ကို ဆိုသည်။

( စ ) **ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးရန် သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသည့်ဝန်ထမ်းကို ဆိုသည်။ ယင်းစကားရပ်တွင် ခွင့်ပြုမိန့်ရရှိသူက လုံခြုံရေးတာဝန်ထမ်းဆောင်ရန် သတ်မှတ်ချက်များနှင့်အညီ ခန့်ထားသည့် ဝန်ထမ်းလည်း ပါဝင်သည်။

(ဆ) **လုံခြုံရေးအထောက်အကူပြုပစ္စည်း** ဆိုသည်မှာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုရန် တည်ဆဲဥပဒေများနှင့်အညီ ဗဟိုကော်မတီက ခွင့်ပြုထားသော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နည်းပညာဆိုင်ရာလုံခြုံရေးအထောက်အကူပြုပစ္စည်းများနှင့် လုံခြုံရေးနှင့် သက်ဆိုင်သောပစ္စည်းများကို ဆိုသည်။

( ဇ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

( ဈ ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီကို ဆိုသည်။

(ည) **ကြီးကြပ်ကွပ်ကဲရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ် ကွပ်ကဲရေးကော်မတီကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုသည် နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးတို့ကို အထောက်အကူပြုစေရန်၊

( ခ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအား နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊

( ဂ ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်သက်ဆိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဖြစ်ထွန်းပေါ်ပေါက်လာစေရန်၊

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို လွဲမှားစွာအသုံးပြုခြင်းမရှိစေရေး စနစ်တကျ ကြီးကြပ်နိုင်ရန်၊

( င ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

**အခန်း(၃)**
**ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | |
|---|---|---|
| ( ၁ ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ၂ ) | ရဲချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ၃ ) | ညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၅ ) | ကာကွယ်ရေးဝန်ကြီးဌာနမှ<br>ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| ( ၆ ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၈ ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၉ ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (၁၆) | ရဲဦးစီးအရာရှိချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

( ခ ) လိုအပ်ပါက ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်း၊

( ခ ) ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် အဆုံးအဖြတ်ပေးခြင်း၊

( ဂ ) လိုအပ်သည့် လုပ်ငန်းကော်မတီများဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ခွင့်ပြုရန် ကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် တင်ပြပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

( င ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုတွင် အသုံးပြုရန် လိုအပ်သည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊

( စ ) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရာတွင် လိုအပ်ချက်အရ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့် လျှောက်ထားလာပါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ တင်ပြ၍ သဘောထားရယူခြင်း၊

(ဆ) လိုင်စင်ကြေး၊ လိုင်စင်သက်တမ်းတိုးကြေး၊ ဝန်ဆောင်ခ၊ လိုင်စင်စည်းကမ်းချက်များနှင့် ခွင့်ပြုမိန့်စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဇ ) လိုင်စင်ပိတ်သိမ်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ရုပ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

(ဈ) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ သဘောထားမှတ်ချက်ဖြင့် တင်ပြမှုအပေါ် စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတကာအဆင့်မီ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ပေါ်ထွန်းလာစေရန် အားပေးကူညီခြင်း၊

(ဍ) လိုင်စင်ရရှိသူ၏ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဖွဲ့စည်းမှုအင်အားကို စိစစ်ခွင့်ပြုခြင်း၊

(ဎ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို အတည်ပြုပေးခြင်း၊

(ဏ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုအတွက် ပေးဆောင်ရမည့်အခကြေးငွေကို အခါအားလျော်စွာ သတ်မှတ်ပေးခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၄)
## ကြီးကြပ်ကွပ်ကဲရေးကော်မတီဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၆။ ဗဟိုကော်မတီသည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မန်နေဂျာ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (၅) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးမှူး စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(ခ) ပြည်ထောင်စုနယ်မြေ ကြီးကြပ်ကွပ်ကဲရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ က တာဝန်ပေးအပ်သည့်ကောင်စီဝင် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယအထွေထွေမန်နေဂျာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နေပြည်တော် | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (၄) | နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (၅) | အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး မီးသတ်ဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုနယ်မြေအခွန်ဦးစီးမှူး ပြည်တွင်းအခွန်များဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ညွှန်ကြားရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (၁၂) | ဦးစီးမှူး စားသုံးသူရေးရာဦးစီးဌာန နေပြည်တော် | အဖွဲ့ဝင် |
| (၁၃) | တပ်ဖွဲ့မှူး နေပြည်တော်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း)(ဦး၊ ရေး၊ ထောက်) နေပြည်တော်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

(ဂ) လိုအပ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ပြည်ထောင်စု နယ်မြေ ကြီးကြပ်ကွပ်ကဲရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လိုင်စင်သက်တမ်းတိုးလျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ခ) ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင် သက်တမ်းတိုး ပေးခြင်း၊

(ဂ) စည်းကမ်းဖောက်ဖျက်သော သို့မဟုတ် သတ်မှတ်ချက်နှင့်ညီညွတ်မှုမရှိသော ပုဂ္ဂလိက လုံခြုံရေး ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ခြင်း၊

(ဃ) လိုင်စင်ရရှိသူများ စနစ်တကျဝန်ဆောင်မှုပေးနိုင်ရေးနှင့် စည်းကမ်းတကျဖြစ်စေရေးအတွက် ကွင်းဆင်းစစ်ဆေးကြပ်မတ်ခြင်း၊

(င) လိုင်စင်ရရှိသူက ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခွင့်ပြုရန် တင်ပြသည့် အခါ သတ်မှတ်ချက်နှင့်အညီ စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းတွင် လေ့ကျင့်သင်ကြားမှုများကို စစ်ဆေးခြင်းနှင့် လိုအပ်ပါက သင်တန်းပို့ချပေးခြင်း၊

(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဇ) လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ လိုင်စင်မိတ္တူ လျှောက်ထားမှု အပေါ် စိစစ်၍ ခွင့်ပြုခြင်း၊

(ဈ) ခွင့်ပြုမိန့်လျှောက်ထားခြင်း သို့မဟုတ် ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားခြင်းကို သတ်မှတ် ချက်များနှင့်အညီ စစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ည) ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းတို့နှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်မိတ္တူ လျှောက်ထားမှု အပေါ် စိစစ်၍ ခွင့်ပြုခြင်း၊

(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အားပြောင်းလဲမှုကို တင်ပြသည့်အခါ ဗဟိုကော်မတီသို့ အကြံပြု တင်ပြခြင်း၊

(ဌ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)
## လိုင်စင်လျှောက်ထားခြင်း

၈။ လိုင်စင်လျှောက်ထားသူသည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) နိုင်ငံခြားကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီး ဖြစ်ရမည်။

(ဂ) နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေသည့် ကျော်စောသတင်းရှိသော ကုမ္ပဏီ မဖြစ်စေရ။

(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း လုပ်ငန်းအာမခံအဖြစ် မြန်မာ့ စီးပွားရေးဘဏ်၌ အနည်းဆုံး ငွေကျပ် သိန်းတစ်ထောင်၊ နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ငွေကျပ် သိန်းတစ်ထောင်နှင့်ညီမျှသည့် နိုင်ငံခြားသုံးငွေကို စာရင်းသေအပ်ငွေအဖြစ် အပ်နှံထားရှိရမည်။

၉။ လိုင်စင်လျှောက်ထားလိုသူသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ အောက်ပါအချက် အလက်များ ဖော်ပြလျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ အမည်၊

(ခ) ကိုယ်ရေးအကျဉ်း၊

(ဂ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ၊

(ဃ) ကုမ္ပဏီအမှတ်တံဆိပ်၊

(င) ဒါရိုက်တာအဖွဲ့အမည်စာရင်း၊

(စ) ကုမ္ပဏီ၏ ရည်ရွယ်ချက်၊

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

(ဆ) ကုမ္ပဏီ၏ လုပ်ငန်းစဉ်၊
(ဇ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား(ကျား၊ မ)နှင့် လုံခြုံရေးဝန်ထမ်း၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊
(ဈ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ် အဆိုပြုအမျိုးအစားသုံးမျိုး၊
(ည) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း အတွေ့အကြုံဆိုင်ရာ အထောက်အထား အချက်အလက်များ၊
(ဋ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်နှင့် တစ်လအတွင်းထုတ်ယူထားသော ကုမ္ပဏီ၏ ဆောင်ရွက်မှုကောက်နုတ်ချက်မိတ္တူမှန်များ၊
(ဌ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း အာမခံငွေအတွက် အထောက်အထားမိတ္တူမှန်၊
(ဍ) သီးခြားတင်ပြချက် (ရှိလျှင်)၊ (ဥပမာ- လက်နက်ခဲယမ်းကိုင်ဆောင်အသုံးပြုမည့် ကုမ္ပဏီဟုတ်၊ မဟုတ်)
(ဎ) လျှောက်ထားသည့်ရက်စွဲ၊
(ဏ) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်အချက်အလက်များ။

၁၀။ နိုင်ငံခြားကုမ္ပဏီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုပါက လိုင်စင်ရရှိရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ပုဒ်မ ၉ ပါသတ်မှတ်ချက်များအပြင် ကုမ္ပဏီရုံးချုပ် တည်ရှိသည့်နိုင်ငံ၏အမည်ကို ဖော်ပြလျှောက်ထားရမည်။

၁၁။ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့နှင့်အညီ လိုင်စင်လျှောက်ထားပါက-
(က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။
(ခ) ဗဟိုကော်မတီသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ဂ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီက လိုင်စင်ထုတ်ပေးရန် ခွင့်ပြုလျှင် လျှောက်ထားသူကို သတ်မှတ်ထားသည့် လိုင်စင်ကြေးပေးသွင်းစေပြီး လိုင်စင်ထုတ်ပေးရမည်။
(ဃ) ပုဒ်မခွဲ(ခ)အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၁၂။ လိုင်စင်သက်တမ်းသည် လိုင်စင်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၁၃။ (က) လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်သက်တမ်းတိုးလျှောက်ထားရမည်။
(ခ) ပုဒ်မခွဲ(က)အရ လိုင်စင်သက်တမ်းတိုးလျှောက်ထားပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။
(ဂ) သက်တမ်းတိုးရန် ပျက်ကွက်ပါက လိုင်စင်သက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ လိုင်စင်အား ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ ပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ)အရ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ပုဒ်မ ၉ နှင့် ပုဒ်မ ၁၀ တို့နှင့်အညီ လိုင်စင်အသစ်ထပ်မံလျှောက်ထားနိုင်သည်။

၁၅။ (က) လိုင်စင်ရရှိသူသည် လိုင်စင်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လိုင်စင်မိတ္တူ လျှောက်ထားနိုင်သည်။
(ခ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ လိုင်စင်မိတ္တူ လျှောက်ထားပါက စိစစ်၍ သတ်မှတ်ထားသည့်ဝန်ဆောင်ခကို ပေးသွင်းစေပြီး လိုင်စင် မိတ္တူထုတ်ပေးရမည်။

## အခန်း(၆)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ

၁၆။ လိုင်စင်ရရှိသူသည်-
(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။
(ခ) ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။
(ဂ) နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်ရသည့်အခါ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အစီအမံအတိုင်း စနစ်တကျပူးပေါင်းဆောင်ရွက်ရမည်။
(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူအား စိစစ်ရွေးချယ်ခန့်ထားရမည်-
(၁) အသက် ၁၈ နှစ်ပြည့်ပြီးသူ၊
(၂) ကျန်းမာရေးကောင်းမွန်ပြီး လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်သူ၊
(၃) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ထုတ်ပေးသည့် အလုပ်သမားမှတ်ပုံတင်ကတ်ပြား ကိုင်ဆောင်ထားသူ၊
(၄) ပြစ်မှုကင်းရှင်းကြောင်း ရက်ပေါင်း ၃၀ အတွင်း ရယူထားသော ထောက်ခံချက်နှင့်ကိုယ်တိုင်ဝန်ခံချက်၊
(၅) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်ထားသည့် အရည်အချင်း ပျက်ယွင်းခြင်းမရှိသူ။
(င) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအဖြစ် ခန့်အပ်ရန် ရွေးချယ်ထားသူများကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းသို့ တက်ရောက်စေရမည်။
(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် နိုင်ငံခြားသားဖြစ်ပါက-
(၁) အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။
(၂) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာနိုင်ငံ၏ ထောက်ခံချက်ရရှိသူဖြစ်ရမည်။
(၃) ပြည်ပနိုင်ငံတစ်ခုခု၏ လက်နက်ကိုင်တပ်ဖွဲ့ဝင်မဟုတ်သူ ဖြစ်ရမည်။
(ဆ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းထံမှ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ အကူအညီရယူလိုပါက ယင်းအဖွဲ့အစည်းဆိုင်ရာ အချက်အလက်များနှင့်အတူ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ရယူဆောင်ရွက်ရမည်။
(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီအမည်၊ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးမည့် နေရာ၊ တာဝန်ချထားမည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဦးရေ၊ ပုဂ္ဂလိကလုံခြုံရေး ဝန်ဆောင်မှုဆောင်ရွက်မည့် အချိန်ကာလတို့ကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဈ) လိုင်စင်ကို ကုမ္ပဏီရုံးခန်းတွင် အများပြည်သူ မြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။
(ည) အုပ်ချုပ်မှုဒါရိုက်တာ ပြောင်းလဲခြင်း၊ ရုံးခန်းနေရာပြောင်းရွှေ့ခြင်းကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ ဆောင်ရွက်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဋ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။
(ဌ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဍ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် စည်းကမ်း ဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့်အချက်များကို သတ်မှတ်ထားရှိရမည်။
(ဎ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရမည်။
(ဏ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်ပိတ်သိမ်းခွင့်ပြုရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။
(တ) ဗဟိုကော်မတီက အခါအားလျော်စွာသတ်မှတ်သော လိုင်စင်စည်းကမ်းချက်များကို လိုက်နာရမည်။

၁၇။ လိုင်စင်ရရှိသူသည် နိုင်ငံခြားကုမ္ပဏီဖြစ်ပါက ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် မြန်မာနိုင်ငံသား အနည်းဆုံး ၇၅ ရာခိုင်နှုန်း ခန့်ထားရမည်။

၁၈။ လိုင်စင်ရရှိသူသည်-
(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရာတွင် ဝန်ဆောင်မှုရယူသူနှင့် သဘောတူစာချုပ် ချုပ်ဆိုပြီး အခကြေးငွေရယူ၍ ဝန်ဆောင်မှုပေးနိုင်သည်။
(ခ) ဗဟိုကော်မတီက ခွင့်ပြုထားသော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ၊ နည်းပညာဆိုင်ရာလုံခြုံရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်းကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေများ၊ လိုင်စင်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။
(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။
(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်လှစ်လိုပါက သင်ရိုးညွှန်းတမ်း၊ ပို့ချမည့်ဘာသာရပ်၊ သင်တန်းကာလ၊ သင်တန်းအချိန်ဇယား၊ လေ့ကျင့်ပို့ချမည့်နေရာတို့ကို ဖော်ပြ၍ သင်တန်းဖွင့်လှစ်ခွင့်ပြုရန် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၉။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းဖွင့်လှစ်ခွင့်ရရှိသူသည် လေ့ကျင့်သင်ကြားရေးနှင့်စပ်လျဉ်း၍-
(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာ သင်တန်းနည်းပြခန့်အပ်ရာတွင် လုံခြုံရေးနှင့် ဆက်စပ်သောလုပ်ငန်းများ၌ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူကို ခန့်အပ်ရမည်။
(ခ) သင်တန်းနည်းပြသည် နည်းပညာပိုင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်အလိုက် အသိအမှတ်ပြုလက်မှတ်ရရှိထားသူ ဖြစ်ရမည်။
(ဂ) ပို့ချမည့်သင်ခန်းစာအလိုက် သင်တန်းနည်းပြများကို လုံလောက်စွာ စီမံထားရှိရမည်။
(ဃ) ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် လုံခြုံရေးဝန်ထမ်းကိုလည်း ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းတွင် တက်ရောက်ခွင့်ပြုရန် ညှိနှိုင်းလာပါက ခွင့်ပြုနိုင်သည်။
(င) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းပြီးဆုံးပါက သင်တန်းတက်ရောက် အောင်မြင်ပြီးကြောင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

၂၀။ လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်ချက်အရ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကိုင်ဆောင်ခွင့်နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လက်နက်ဥပဒေ၊ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ၊ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၇)
## ခွင့်ပြုမိန့်လျှောက်ထားခြင်းနှင့် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များ

၂၁။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးရန်မဟုတ်ဘဲ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် စုစုပေါင်း ၁၀ ဦးထက်ပိုသော လုံခြုံရေးဝန်ထမ်းခန့်ထားလိုသူသည် အောက်ပါအချက်အလက်များဖော်ပြ၍ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ ခွင့်ပြုမိန့်လျှောက်ထားရမည်-
(က) လျှောက်ထားသူ၏အမည်၊
(ခ) ကိုယ်ရေးအကျဉ်း၊
(ဂ) အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန် လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ် လိပ်စာ၊
(ဃ) လုပ်ငန်းအမည်နှင့် အမျိုးအစား၊
(င) လုပ်ငန်းနှင့်ပတ်သက်သည့် လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် လိုအပ်ပါက အဆိုပါလိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်၊

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

(စ) လုပ်ငန်းတည်နေရာ၊ ဆက်သွယ်ရန် လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ အပြည့်အစုံ၊
(ဆ) ခန့်ထားလိုသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား(ကျား၊ မ)နှင့် လုံခြုံရေးဝန်ထမ်းများ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံ၊
(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ် အဆိုပြုအမျိုးအစား သုံးမျိုး၊
(ဈ) လျှောက်ထားသည့်ရက်စွဲ၊
(ည) ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့်အချက်အလက်များ။

၂၂။ ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားလာပါက–
(က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ခွင့်ပြုမိန့်လျှောက်ထားချက်အား သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။
(ခ) ဗဟိုကော်မတီသည် သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ဂ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ဗဟိုကော်မတီက ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်ပြုလျှင် လျှောက်ထားသူကို သတ်မှတ်ထားသည့် ဝန်ဆောင်ခပေးသွင်းစေပြီး ခွင့်ပြုမိန့် ထုတ်ပေးရမည်။

၂၃။ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–
(က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် ပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားရမည်။
(ခ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် လိုင်စင်ရရှိသူက ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ရမည်။
(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။
(င) ခွင့်ပြုမိန့်ကို မိမိလုပ်ငန်းနေရာတွင် အများပြည်သူမြင်သာသည့်နေရာ၌ ချိတ်ဆွဲထားရမည်။
(စ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။
(ဆ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း လိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့်အချက်များကို သတ်မှတ်ထားရှိရမည်။
(ဇ) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို တာဝန်ချပေးထားသည့် ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ၏ တည်နေရာနှင့် တာဝန်ချထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းဦးရေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။
(ဈ) ဗဟိုကော်မတီက အခါအားလျော်စွာသတ်မှတ်သော စည်းကမ်းချက်များကို လိုက်နာရမည်။

၂၄။ ခွင့်ပြုမိန့်၏ သက်တမ်းသည် ခွင့်ပြုမိန့်ထုတ်ပေးသည့်နေ့ရက်မှစ၍ သုံးနှစ်ဖြစ်သည်။

၂၅။ (က) ခွင့်ပြုမိန့်ရရှိသူသည် ၁၀ ဦးထက်ပိုသော ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို ဆက်လက် ခန့်ထားလိုပါက ခွင့်ပြုမိန့်သက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားရမည်။
(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်သက်တမ်းတိုးလျှောက်ထားပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ဗဟိုကော်မတီသို့ တင်ပြရမည်။
(ဂ) သက်တမ်းတိုးရန် ပျက်ကွက်ပါက ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့် နေ့ရက်မှစ၍ ခွင့်ပြုမိန့်အား ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂၆။ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)အရ ခွင့်ပြုမိန့်ပယ်ဖျက်ခြင်းခံရသူသည် ပုဒ်မ ၂၁ နှင့်အညီ ခွင့်ပြုမိန့်ကို ထပ်မံလျှောက်ထားနိုင်သည်။

၂၇။ (က) ခွင့်ပြုမိန့်ရရှိသူသည် ခွင့်ပြုမိန့်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပေါ်ခဲ့လျှင် သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်မိတ္တူ လျှောက်ထားနိုင်သည်။
(ခ) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် ပုဒ်မခွဲ(က)အရ ခွင့်ပြုမိန့်လျှောက်ထားလာပါက စိစစ်၍ သတ်မှတ်ထားသည့် ဝန်ဆောင်ခကို ပေးသွင်းစေပြီး ခွင့်ပြုမိန့်မိတ္တူ ထုတ်ပေးရမည်။

## အခန်း(၈)
## ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်

၂၈။ (က) ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်–
(၁) သက်ဆိုင်ရာပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီ၊ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲက တာဝန်ပေးသည့်နေရာတွင်သာ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကို ဆောင်ရွက်ရမည်။
(၂) သတ်မှတ်ထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ပြည့်စုံစွာ ဝတ်ဆင်ရမည်။
(၃) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကိုသာ ကိုင်ဆောင်ရမည်။
(၄) လုပ်ငန်းလိုအပ်ချက်အရ လိုင်စင်ရရှိသူက သတ်မှတ်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသည့် လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းကို လက်နက်ဥပဒေ၊ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူ၊ တည်ဆဲဥပဒေများနှင့်အညီ ကိုင်ဆောင်ရမည်။
(၅) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် နေရာ၊ အဆောက်အအုံ သို့မဟုတ် ပရဝဏ်အတွင်း ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရန် လိုအပ်ပါက ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အညီ ဆောင်ရွက်ပြီး နီးစပ်ရာရဲစခန်းသို့ ချက်ချင်းအကြောင်းကြားခြင်းနှင့် အပ်နှံခြင်းပြုရမည်။
(၆) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုပေးနေသည့် လူကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ဘေးအန္တရာယ်ဖြစ်စေပါက ရာဇသတ်ကြီးနှင့်အညီ ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးနိုင်သည်။
(၇) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အတွင်း နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာကို ရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပေးပို့ရမည်။
(ခ) ခွင့်ပြုမိန့်ရရှိသူက ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃) နှင့် (၄)တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၉)
## အငြင်းပွားမှုများ ဖြေရှင်းခြင်း

၂၉။ လိုင်စင်ရရှိသူနှင့် ဝန်ဆောင်မှုရယူသူတို့အကြား အငြင်းပွားမှုပေါ်ပေါက်လာပါက–
(က) နှစ်ဦးနှစ်ဖက် ဦးစွာညှိနှိုင်းဖြေရှင်းဆောင်ရွက်ရမည်။
(ခ) ပုဒ်မခွဲ(က)အရ ညှိနှိုင်းဖြေရှင်း၍မရပါက စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်နိုင်သည်။

## အခန်း(၁၀)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၀။ (က) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသည် လိုင်စင်ရရှိသူက ပုဒ်မ ၁၆ တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၃ တွင် ဖော်ပြထားသည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်–
(၁) သတိပေးခြင်း၊
(၂) သတ်မှတ်ချက်များနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
(၃) လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့်ဆိုင်းငံ့ခြင်း။
(ခ) ပုဒ်မခွဲ(က)ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ထပ်မံပျက်ကွက်ပါက လိုင်စင်ကို ပယ်ဖျက်ခြင်း၊ ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း သို့မဟုတ် အမည်ပျက်စာရင်းထည့်သွင်းပြီး လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း ပြစ်ဒဏ်ချမှတ်ရမည်။

၃၁။ ပုဒ်မ ၃၀ အရ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီက ချမှတ်သောအမိန့်ကို ကျေနပ်မှု မရှိသူသည် ယင်းအမိန့်ကို ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

၃၂။ ဗဟိုကော်မတီသည် ပုဒ်မ ၃၁ အရ အယူခံမှုအပေါ် လိုအပ်ပါက စုံစမ်းစစ်ဆေးမှုထပ်မံ ပြုလုပ်ပြီး သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၃။ ပုဒ်မ ၃၂ အရ ချမှတ်သော ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း(၁၁)
## တားမြစ်ချက်များ

၃၄။ မည်သူမျှ–
(က) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။
(ခ) ခွင့်ပြုမိန့်မရှိဘဲ ကိုယ်ပိုင်လုပ်ငန်းနှင့် လုပ်ငန်းခွဲအတွက် လုံခြုံရေးဝန်ထမ်းစုစုပေါင်း ၁၀ ဦး ထက်ပို၍ခန့်ထားခြင်း မပြုရ။

၃၅။ လိုင်စင်ရရှိသူသည် ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် လက်ဝယ်ထားခြင်း မပြုရ။

၃၆။ မည်သူမျှ –
(က) လိုင်စင်လျှောက်ထားရာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်း မပြုရ။
(ခ) လိုင်စင်ပါလုပ်ငန်းနှင့်စပ်လျဉ်း၍ မမှန်မကန်ကြော်ငြာခြင်း မပြုရ။

၃၇။ လိုင်စင်ရရှိသူသည် လိုင်စင်အရ ဆောင်ရွက်ခွင့်ရှိသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်လှစ်ခြင်း လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ လိုင်စင်ကိုဖြစ်စေ အခြားသူအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

၃၈။ လိုင်စင်ရရှိသူသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းကို လူနေထူထပ်သော မြို့ပြဧရိယာအတွင်း ဖွင့်လှစ်ခြင်းမပြုရ။

၃၉။ လိုင်စင်ရရှိသူ မည်သူမျှ –
(က) မိမိပိုင်ဆိုင်သော လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်း ဖြင့် လွှဲပြောင်းခြင်း မပြုရ။
(ခ) ဝန်ဆောင်မှုရယူသူထံမှ ရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်း မပြုရ။
(ဂ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းအတွက် ကြော်ငြာစာ သို့မဟုတ် ပုံနှိပ်စာရွက်စာတမ်း တစ်ခုခုကို အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကဲ့သို့ ဆင်တူယိုးမှားဖော်ပြခြင်း မပြုရ။
(ဃ) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ရာတွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်ကဲ့သို့ အယောင်ဆောင်ခြင်း သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းက ယင်းကဲ့သို့ အယောင်ဆောင်စေရန် ခွင့်ပြုခြင်း၊ ကူညီခြင်း၊ အားပေးခြင်း သို့မဟုတ် ပူးပေါင်း ဆောင်ရွက်ခြင်း မပြုရ။
(င) သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီ သို့မဟုတ် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ရန် အကြောင်းကြားပါက ငြင်းပယ်ခြင်း မပြုရ။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

(စ) ခွင့်ပြုထားခြင်းမရှိသည့် ဝတ်စုံ၊ တံဆိပ်နှင့်အဆင့်တံဆိပ်၊ လုံခြုံရေးအထောက်အကူပြု ပစ္စည်း သို့မဟုတ် ယာဉ်ကို သုံးစွဲခြင်း မပြုရ သို့မဟုတ် မိမိတာဝန်ပေးအပ်ထားသည့် ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းအား သုံးစွဲစေရန် ခွင့်မပြုရ။

၄၀။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည်-

(က) ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေစဉ် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် သတင်းတစ်စုံတစ်ရာကိုရရှိလျှင် အနီးဆုံးရဲစခန်းသို့ သတင်းပို့ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ကြောင်း လိမ်လည်ပြောဆိုခြင်း၊ အယောင်ဆောင်ခြင်း သို့မဟုတ် ထင်ယောင်ထင်မှားဖြစ်စေရန် ပြုမူပြောဆိုခြင်း မပြုရ။

(ဂ) သတ်မှတ်ခွင့်ပြုထားသည့် ဝတ်စုံ၊ လုံခြုံရေးအထောက်အကူပြုပစ္စည်းနှင့် ယာဉ်တို့ကို တာဝန်နှင့် သက်ဆိုင်ခြင်းမရှိသည့် နေရာတွင်ဖြစ်စေ၊ လုပ်ငန်းများတွင်ဖြစ်စေ အသုံးပြုခြင်း မပြုရ။

(ဃ) မိမိကိုပေးအပ်ထားသည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကို ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း မပြုရ။ အခြားသူတစ်ဦးဦး၏ လုံခြုံရေးအထောက်အကူပြု ပစ္စည်းကို ငှားယူခြင်း မပြုရ။

(င) ဝန်ဆောင်မှုရယူသူထံမှရရှိထားသော သတင်းနှင့်အချက်အလက်များကို အခြားသူထံသို့ ထုတ်ဖော်ပြောဆိုခြင်း၊ အသိပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

၄၁။ ခွင့်ပြုမိန့်ရရှိသူသည်-

(က) ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲများအတွက် ခန့်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းကို အခြားသူတစ်ဦးဦးအတွက် လုံခြုံရေးဝန်ဆောင်မှုဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆက်သွယ်ပေးပို့ခြင်း မပြုရ။

(ခ) ခွင့်ပြုမိန့်ကို အခြားသူအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်း ဖြင့်လွှဲပြောင်းခြင်း မပြုရ။

**အခန်း(၁၂)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၄၂။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် ကျပ်သိန်းတစ်ရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်းတစ်ထောင်မှ အများဆုံး ကျပ်သိန်းသုံးထောင်ထိ ချမှတ်ရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းငါးရာထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် နိုင်သည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်သိန်း ငါးရာထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်းငါးရာမှ အများဆုံး ကျပ်သိန်း တစ်ထောင်ထိ ချမှတ်ရမည်။

၄၅။ လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၃၈ သို့မဟုတ် ပုဒ်မ ၃၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့် အပြင် ငွေဒဏ် ကျပ်သိန်းငါးရာထိ ချမှတ်ရမည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ငွေဒဏ် အနည်းဆုံး ကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်း တစ်ထောင်ထိ ချမှတ်ရမည်။

၄၆။ ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်း မည်သူမဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ကျပ်သုံးသိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

**အခန်း(၁၃)**

**အထွေထွေ**

၄၇။ လိုင်စင်ရရှိသူ၊ ဝန်ဆောင်မှုရယူသူ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ပုဂ္ဂလိကလုံခြုံရေးဝန်ထမ်းသည် ပုဂ္ဂလိက လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုရယူရာတွင်ဖြစ်စေ တည်ဆဲ ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သောလုပ်ငန်းများလုပ်ကိုင်ခြင်း၊ လုပ်ကိုင်ရန် စေခိုင်းခြင်း၊ အားထုတ်ခြင်း၊ အားပေးခြင်း၊ ကူညီခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်းပြုလျှင် သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၄၈။ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီး တရားရုံးက ငွေဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း၊ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီက စီမံခန့်ခွဲရေးနည်းလမ်းအရ ဒဏ်ကြေးငွေ ပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခြင်းခံရလျှင်သော်လည်းကောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေပေးချေမှုနှင့် စာရင်း ရှင်းလင်းရန် သတ်မှတ်ထားသော နိုင်ငံခြားငွေအမျိုးအစားများဖြင့် စာရင်းလွှဲပြောင်းနည်းကို အသုံးပြု၍ နိုင်ငံတော်၏ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးဆောင်ရမည်။

၄၉။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လျက်ရှိသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ခြောက်လအတွင်း သတ်မှတ်ချက်များနှင့်အညီ လိုင်စင်လျှောက်ထားရမည်။

၅၀။ ဤဥပဒေမပြဋ္ဌာန်းမီက ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲအတွက် ၁၀ ဦးထက် ပိုသော ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်းခန့်ထားသူသည် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်များ နှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားရမည်။

၅၁။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရ လည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း အရေးယူခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၅၂။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ကိုင်သည့် ကုမ္ပဏီသည် အခွန်ဆိုင်ရာကိစ္စအရပ်ရပ်ကို သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၅၃။ လိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာရမည်။

၅၄။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများ ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## တောင်ငူမြို့၌ မော်ကွန်းသစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**တောင်ငူ ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ကော်မတီ၏ လှူဒါန်းငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်ပြီးစီးသည့် တောင်ငူမြို့ (၁၃) ရပ်ကွက် ဈေးလမ်းရှိ မော်ကွန်းသစ် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့ဝင်များက စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး စာကြည့်တိုက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။ ထို့နောက် စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်အတွင်း ခင်းကျင်းထားရှိမှုများကို လှည့်လည်ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေ တင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ မော်ကွန်းသစ် စာကြည့်တိုက် အဆောက်အအုံသစ်အတွက် အလှူရှင်များဖြစ်သည့် တောင်ငူမြို့နယ် နာရေးကူညီမှုအသင်းမှ စာအုပ်စာစောင်များ၊ ကွန်ပျူတာတစ်စုံ၊ စားပွဲအရှည်တစ်လုံး၊ စတီးကုလားထိုင် ၁၀လုံး၊ မီးစက်တစ်လုံးနှင့် အင်ဗာတာတစ်လုံး၊ ဂုဏ်ထူးရည် ကိုယ်ပိုင် အထက်တန်းကျောင်းမှ တီဗွီတစ်လုံး၊ water cooler တစ်လုံး၊ wifi နှင့် ရေခဲသေတ္တာတစ်လုံး၊ ဦးမျိုးသန့်နှင့်ဇနီးတို့က လေအေးပေးစက် တစ်လုံးနှင့် ခေတ်ဆန်းစတီးဆိုင်မှ သတင်းစာဖတ်စင် တစ်စင်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ပင်းတယမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းပြီးစီး

**ပင်းတယ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယ မြို့နယ် တမဲကျေးရွာနှင့် အင်းပက်လက်ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၁၇ ရက်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဝေဝေလွင်ဖြိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းကတ္တရာလမ်းအရှည် ၀/၄မိုင်၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မကို သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၈ ဒသမ ၄၉၉ သန်းဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အောင်ကိုဦး(ပြန်/ဆက်)







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၀-၂-၂၀၂၅ ရက်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ...

**မြင့်စိုး(နတလ)**

(နိဒါန်း)

**တပေါင်းကွင်းသည် အောင်မြေ**

မင်္ဂလာပါရှင် .........
ဆောင်းဦးမို့ အေးမြသာယာသည်
ထွန်းညှိတဲ့မီးများ ရောင်စုံညီ
ပြပွဲကြီးသို့ ဖိတ်ခေါ်ချင်ပါသည်
**MSME ထုတ်ကုန်ပြပွဲ နေပြည်တော်မှာ**
ကုန်စည်ပြပွဲပြိုင်ပွဲ ခင်းကျင်းပါမည်
ပြည်ထောင်စုဖွား လုပ်ငန်းရှင်များ
ဝမ်းမြောက်ဝမ်းသာ သတင်းကောင်းပါ
တစ်အူထုံ့ဆင်း ကာယဉာဏ
အကျိုးစီးပွားကို ဖော်ဆောင်ရည်ညွှန်းမှာ
**[ခေတ်တစ်ခေတ်ရဲ့ အဓိကမှာ နည်းပညာ**
အတွေးမှန်မှ အနာဂတ် ခိုင်မာ
ရှင်သန်သင့်ခရီးအတွက် ရှေ့ရောက်မှာ
လာ .......... လာ.......... လာ
ထုတ်ကုန်ပြပွဲ အရောက်သာလှမ်းခဲ့ပါ ]
[ စက်မှုထုတ်ကုန်ပြပွဲဆီ အရောက်လှမ်းခဲ့ကြပြီ
လက်မှုထုတ်ကုန်ပြပွဲဆီ ခံ့ညားဝင့်ဝင့်ထည်]

.....................................................

တေးသီချင်း အမည်ပေးက "စက်မှုကုန်စည်ပြပွဲဆီ"...တဲ့။ တေးပြုစာဆို ဖန်တီးထုဆစ်ထားသော သီချင်းစာသားများက ခေါင်းစဉ်နှင့် လိုက်ဖက်ညီစွာ ကျွန်တော်တို့အားလုံးကို စက်မှုကုန်စည်ပြပွဲဆီသို့ ခေါ်ဆောင်သွားခဲ့သည်။ တေးသံရှင် ကလေးမလေး၏ အသံကလည်း ပတ်ဝန်းကျင်ရှိ ပရိသတ်အားလုံးကို သိမ်းကျုံးညှို့ငင်ထားနိုင်သည့်အပြင် Live လွှင့်နေသော အခမ်းအနားဖြစ်၍ နိုင်ငံတစ်ဝန်းမှ ပြည်သူအပေါင်း၏ရင်သို့ တိုးဝင်လှုပ်ခတ်သွားမည်မှာ မလွဲပါ။ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ခင်းအခါသမယမှာ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ထူးနေ့မြတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ခြေတော်ရင်း၊ တပေါင်းကွင်းတည်းဟူသော ဘူမိနက်သန်နေရာမှန်၌ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဖွင့်ပွဲအခမ်းအနားကြီးကို ဝှဲချီးကျင်းပပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီ

**❝ရှေးယခင်က ပြပွဲသက်သက်ဆောင်ရွက်ခဲ့ကြ၍ ဈေးရောင်းပွဲတော်တစ်ခုအနေဖြင့်သာ ထင်မြင်ယူဆခဲ့ကြသည်။ ယခုကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကမူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်သန်လျက် စနစ်တကျ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်❞**

ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်တို့နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

**ပြခန်းစုံညီ တွေ့ရသည်**

ယခုပြပွဲပြိုင်ပွဲကြီးကို မူလက ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိသာ ခင်းကျင်းပြသရန် လျာထားခဲ့သော်လည်း ပြခန်းတာဝန်ခံများနှင့် ပြည်နယ်/ တိုင်းဒေသကြီး အေဂျင်စီများ အချင်းချင်း တွေ့ဆုံ၍ မိမိတို့၏ ထုတ်ကုန်များကို နေရာအနှံ့ ချိတ်ဆက်ဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်နိုင်ကြရန်လည်းကောင်း၊ ပြပွဲစတင်သည့် ရက်မှစ၍ ရုံးဖွင့်ရက်အတွင်းမှာပင် လာရောက်လေ့လာဝယ်ယူကြသည့် လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက ပိုမိုလေ့လာမှတ်သားနိုင်ရန်နှင့် မိမိတို့ လိုအပ်သော ကုန်ပစ္စည်းများကို ပိုမိုဝယ်ယူအားပေးနိုင်ရန်အတွက်လည်းကောင်း၊ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နီးရပ်ဝေးမှ ရုံးဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ လာရောက် လေ့လာဝယ်ယူအားပေးနိုင်ရေး ရှေးရှု၍လည်းကောင်း MSME ထုတ်ကုန်ပြပွဲကို ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ တိုးမြှင့်ကျင်းပပြုလုပ်ခဲ့ပါသည်။

ရှေးယခင်က ပြပွဲသက်သက်ဆောင်ရွက်ခဲ့ကြ၍ ဈေးရောင်းပွဲတော်တစ်ခုအနေဖြင့်သာ ထင်မြင်ယူဆခဲ့ကြသည်။ ယခုကျင်းပပြုလုပ်သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကမူ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် MSME လုပ်ငန်းများ

*စာမျက်နှာ ၁၂ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ ၁၀-၂-၂၀၂၅ ရက်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၁၁ မှ*

ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်သန်လျက် စနစ်တကျ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပေရာ ပြခန်းပေါင်း ၉၆ ခန်း၊ ထုတ်ကုန်ပြိုင်ပွဲဝင် ပစ္စည်းအမယ် (အမည်) ပေါင်းများစွာ ပါဝင်ခင်းကျင်းပြသယှဉ်ပြိုင်ခဲ့ကြသည်။

ပြခန်းပေါင်း ၉၆ ခန်းတွင် ဝန်ကြီးဌာနပြခန်းများအနေဖြင့် စက်မှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြခန်း၊ သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြခန်းဟူ၍ ပြခန်း ရှစ်ခန်း ပါဝင်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများလည်း ပါဝင်ပေရာ နေပြည်တော် MSME ထုတ်ကုန်ပြခန်းမှ အစပြု၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ MSME ထုတ်ကုန် ပြခန်းများ ၁၆ ခန်း ခင်းကျင်းပြသထားပါသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပြခန်းများတွင် မန္တလေးတိုင်းဒေသကြီးက နှစ်ခန်း ရယူပြသခဲ့သည်။ အသင်းအဖွဲ့များအနေဖြင့် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်း (Business Matching Hall)၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်း၊ Digital Corner ပြခန်း နှစ်ခန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်များ ပြခန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MSME ထုတ်ကုန်များ ပြခန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြခန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ပြခန်းဟူ၍ ပြခန်း ရှစ်ခန်း ခင်းကျင်းပြသထားပါသည်။

အသေးစားစက်မှုလက်မှုလုပ်ငန်း ပြခန်းများ ၁၁ ခန်း၊ ကုန်ထုတ်သမဝါယမအသင်းများ ပြခန်း ၁၀ ခန်းတို့လည်း ပါဝင်သည်။ ပါဝင်ပြသခဲ့ကြသည့် အခြားသောအသင်းအဖွဲ့များထဲတွင် MYEA၊ MWEA၊ MYANWEN ရန်ကုန်တာရာ နှစ်ခန်း၊ ဝါးလားခေါက်ဆွဲ၊ First Packing Machine နှစ်ခန်း၊ အမှတ် (၃) အကြီးစား နှစ်ခန်း၊ မြန်မာနိုင်ငံဆီစက် ပိုင်ရှင်များအသင်း ပြခန်း ခြောက်ခန်း စုစုပေါင်း ၁၆ ခန်းတို့အပြင် စက်ပစ္စည်းကုမ္ပဏီ၊ စိုက်ပျိုးရေးသွင်းအားစု အရောင်းပြခန်းများဖြစ်ကြသည့် Good Brother၊ မာလာမြိုင်၊ မြန်မာ့သြဘာ၊ Super Seven Stars၊ Success Solar၊ New Light Motorcycle ခြောက်ခန်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ တိုင်းရင်းသားရိုးရာအစားအသောက်များ ရောင်းချပေးသည့် အခန်း ၂၁ ခန်း စသည်ဖြင့် စုစုပေါင်း ၉၆ ခန်း ပူးပေါင်းပါဝင်ခင်းကျင်းပြသ၍ ထုတ်ကုန်၊ ဒေသထွက်ကုန်နှင့် စက်ကိရိယာများ ပြသခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြပါသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၌ သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။ (၁၀-၂-၂၀၂၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၌ သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။ (၁၀-၂-၂၀၂၅)

**ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်များ**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီး ကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင် ဖော်ထုတ်စေရန်၊

(ခ) ထုတ်ကုန်ပစ္စည်းများသည် “ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်”ကို ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊

(ဂ) ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊

(ဃ) MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန် အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊

(င) MSME များနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေရန်၊

(စ) ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန်တို့ပဲ ဖြစ်ပါသည်။

**ကော်မတီများ ဖွဲ့စည်းဆောင်ရွက်**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပပြုလုပ်နိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော ဦးစီး ကော်မတီကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အဖွဲ့ဝင် ၃၁ ဦးဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော လုပ်ငန်းကော်မတီကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အဖွဲ့ဝင် ၂၁ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် အောက်ဖော်ပြပါ လုပ်ငန်းဆပ်ကော်မတီ ၁၁ ခုကို ဖွဲ့စည်းခဲ့ပါသည် -

(က) လုံခြုံရေးဆပ်ကော်မတီ

(ခ) ဖိတ်ကြားရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ

(ဂ) မုခ်ဦးနှင့် ပြခန်းများ တည်ဆောက်ရေး ဆပ်ကော်မတီ

(ဃ) ပြခန်းနေရာချထားရေးနှင့် ခင်းကျင်းပြသရေးဆပ်ကော်မတီ

(င) ဖွင့်ပွဲ/ ပိတ်ပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီ

(စ) ဆုရွေးချယ်ရေးနှင့် ဆုချီးမြှင့်ရေး ဆပ်ကော်မတီ

(ဆ) လုပ်ငန်း/ စီးပွား ချိတ်ဆက်မှု ဆပ်ကော်မတီ (Business Matching)

(ဇ) အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆပ်ကော်မတီ

(ဈ) ရေနှင့် လျှပ်စစ်မီးရရှိရေး ဆပ်ကော်မတီ

(ည) သတင်းနှင့် ပြန်ကြားရေးဆပ်ကော်မတီ

(ဋ) ဘဏ္ဍာရေးဆပ်ကော်မတီ

**နိုင်ငံတော်အကြီးအကဲ၏ စေတနာ**

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားအပြီး ပြခန်းတစ်ခုချင်းအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံအားပေးကြည့်ရှုကာ ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များ ထုတ်လုပ်မှု၊ ပြည်တွင်းပြည်ပ ဈေးကွက်ရရှိမှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်းပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြခန်းပေါင်းများစွာကို နာရီပေါင်းများစွာ အချိန်ပေး၍ ကြည့်ရှုသလို လုပ်ငန်းရှင်များ၏ တင်ပြချက်၊ အကြံပြုချက်များကိုလည်း အလေးထားနားထောင်ပေးသည်။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကိုပါ တင်ပြခွင့်ရခဲ့ကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်မှု (၇၇) နှစ်မြောက် အထိမ်းအမှတ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး (၇၇) နှစ်မြောက် အထိမ်းအမှတ်အဖြစ် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ ဆွေးနွေးပွဲကို ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် Video Conferening စနစ်ဖြင့် ပါဝင်တက်ရောက်၍ အမှာစကားပြောကြားသည်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုကြောင့် သဘာဝဘေးအန္တရာယ်များကို တွေ့ကြုံခံစားနေရပြီး သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အသီးသီးပြဋ္ဌာန်းခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (National Disaster Management Committee–NDMC) နှင့် ရပ်ကွက်/ကျေးရွာအုပ်စုအထိ အဆင့်ဆင့်သော ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းထားကြောင်း၊ ထိရောက်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို နည်းပါးသက်သာစေနိုင်သည့်အပြင် ဘေးဒဏ်ကို ပိုမိုခံနိုင်ရည်ရှိသော အသိုက်အဝန်းများအဖြစ်ဖြစ်ပေါ်လာစေနိုင်ပါကြောင်း။

ကြိုတင်ခန့်မှန်းချက်ရယူနိုင်သော သဘာဝဘေးများအတွက် ကြိုတင်သတိပေးချက်များ ပေးပို့နိုင်သည့် Myanmar Disaster Alert Mobile Application ကို ရေးဆွဲထားပြီးဖြစ်သကဲ့သို့ ပုံမှန်ဆက်သွယ်ရေးကွန်ရက်များ သဘာဝဘေးဆိုင်ရာ အရေးပေါ်အခြေအနေကြောင့် ပြတ်တောက်မှုနှင့် ကြုံတွေ့ခဲ့ရပါက အရန်ဆက်သွယ်ရေးစနစ်အဖြစ် Single Side Band (SSB) များကို သဘာဝဘေး မကြာခဏဖြစ်ပွားတတ်သည့် နေရာများတွင် အသင့်တပ်ဆင်ပေးထားပါကြောင်း၊ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ် တိုင်ဖွန်းရာဂီ၏ သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်စဉ်များတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ပံ့မှု အကူအညီပေးခဲ့မှုများကို မှတ်တမ်းပြု ကျေးဇူးတင်ပါကြောင်း၊ ရှေ့လာမည့်နှစ်များတွင်လည်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုကဏ္ဍများ၌ ချစ်ကြည်ရင်းနှီးမှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းသံအမတ်ကြီး Mr. Iskander K. Azizov တို့ကလည်း ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ အထိမ်းအမှတ်နေ့ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဖိတ်ကြားထားသော ကိုယ်စားလှယ်များက ကဏ္ဍအလိုက်လုပ်ငန်းများကို ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းဆွေးနွေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထိမ်းအမှတ်နေ့ အခမ်းအနားသို့ စိန့်ပီတာစဘတ်မြို့ရှိ မြန်မာကျောင်းသားများ၊ ရုရှားနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပထမပိုင်း) သင်တန်း၊ အမှတ်စဉ် (၄၈) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant – CPA) (ပထမပိုင်း) သင်တန်းအမှတ်စဉ် (၄၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နဝရတ်ခန်းမ၌ Hybrid System ဖြင့် ကျင်းပရာ ပြည်ထောင်စု စာရင်းစစ်ချုပ် မြန်မာနိုင်ငံ စာရင်းကောင်စီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။



အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယခင်က လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းကို ဝါဏိဇ္ဇဗေဒ ပညာဘွဲ့ရများသာ တက်ရောက်ခွင့်ရှိခဲ့ရာမှ ယခုအချိန်တွင် စာရင်းကိုင်ပညာဘွဲ့၊ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာဘွဲ့၊ စီးပွားရေးသိပ္ပံဘွဲ့ (စာရင်းကိုင်နှင့် ဘဏ္ဍာရေးပညာ) နှင့် ဒီပလိုမာစာရင်းကိုင်စသည့် ဘွဲ့ရများကိုလည်း တက်ရောက်နိုင်သည့် အခွင့်အလမ်းများ ခွင့်ပြုပေးခဲ့ပါကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းသည် အရေအတွက်သာမက အရည်အချင်းပြည့်မီသူများကိုသာ မွေးထုတ်ပေးသည့်သင်တန်းဖြစ်၍ ဖွဲ၊ လုံ့လ၊ ဝီရိယ မလျှော့ဘဲ လေ့လာသင်ယူမှသာ ခရီးဆုံးပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် စာရင်းပညာ နယ်ပယ်သည် စဉ်ဆက်မပြတ် ပြောင်းလဲနေသည့်အတွက် တိုးတက်ပြောင်းလဲမှုများကို အမြဲမပြတ်လေ့လာခြင်းဖြင့် မိမိ၏စာရင်းပညာ အရည်အသွေးများ တိုးတက်နေမည်ဖြစ်၍ နိုင်ငံတကာနှင့်ယှဉ်နိုင်မည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအဖြစ် ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

သင်တန်းတွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်မှသင်တန်းသား ၂၅ ဦး၊ ရန်ကုန်မှ ၆၂ ဦး စုစုပေါင်း ၈၇ ဦးကို သင်ကြားပို့ချပေးခဲ့ပြီး ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင် တက်ရောက်သူ ၄၇ ဦး၊ ကိုယ်တိုင်လေ့လာ ဖြေဆိုမည့်သူ ၇၇၁ ဦး စုစုပေါင်း ၉၀၅ ဦး ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမမှလည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ (၂) ဦးဝမ်းတင်၊ ကောင်စီဝင်များနှင့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ တာဝန်ရှိသူများ၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့ရှိ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများက Online ဖြင့်လည်းကောင်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

ဗယ်လက်ကာနိအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ဘာစီလိုနာအသင်းကို အကောင်းဆုံး တုံ့ပြန်ကစားနိုင်ခဲ့သည်။ သို့သော်လည်း ခြေစွမ်းပိုသာသည့် ဘာစီလိုနာအသင်းက အရေးပါသည့်နိုင်ပွဲကို ဖော်ဆောင်ကာ အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ယခုအနိုင်ပွဲကြောင့် လာလီဂါ ၂၄ ပွဲကစားပြီး ဒုတိယနေရာမှ ရီးရဲမက်ဒရစ်အသင်းနှင့် ရမှတ် ၅၁ မှတ်တူ ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ဗယ်လက်ကာနိအသင်းက ၂၄ ပွဲကစားပြီးချိန်တွင် နိုင်ပွဲကိုးပွဲ၊ သရေ ရှစ်ပွဲနှင့် ခုနစ်ပွဲ ရှုံးနိမ့်ကာ ရမှတ် ၃၅ မှတ် စုဆောင်းရရှိထားသည်။

**အောင်ဇော်**

❖ *ကျော်ဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ပွဲအစ ၁၁ မိနစ်မှာပင် ဒဂုံစတားနောက်ခံလူ ကိုးသန်းဇော် အနီကတ်ဖြင့်ထုတ်ပယ်ခံရသဖြင့် တစ်ယောက်လျော့သွားပြီး ရတနာပုံအသင်းကို ခက်ခက်ခဲခဲရင်ဆိုင်ခဲ့ရသည်။

၄၂ မိနစ်တွင် ရတနာပုံအသင်း ဂိုးစတင်ရရှိပြီး ပြည်မိုးက သွင်းယူကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ဒဂုံစတားယူနိုက်တက်အသင်း ချေပဂိုးပြန်ရပြီး မောင်မောင်ဝင်းက သွင်းယူခဲ့သော်လည်း ၅၇ မိနစ်တွင် တည်ငြိမ်မင်းက ရတနာပုံအသင်းအတွက် ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဒဂုံစတားအသင်းက ချေပဂိုးရရန် ကြိုးပမ်းလာပြီး ၇၈ မိနစ်တွင် ငြိမ်းချမ်းကထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။

ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ရတနာပုံအသင်း အနိုင်ဂိုးများရခဲ့ပြီး ၉၀+၂ မိနစ်တွင် ပြည်မိုး၊ ၉၀+၃ မိနစ်တွင် အာကာတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံတိုက်စစ်မှူး ပြည်မိုးက သွင်းယူခဲ့သည်။

ပွဲစဉ် (၂၀) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၅၆ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၄၅ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ၄၁ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၃၂ မှတ်၊ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်းတို့က ၂၉ မှတ်စီ၊ သစ္စာအားမာန်အသင်းက ရမှတ် ၂၀၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ မြဝတီအသင်းက ရှစ်မှတ်ရရှိထားသည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူများနှင့် မိသားစုဝင်များအား တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်း မရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံ ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ၂၀၂၅ ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ဒုတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်မှ ကြီးမှူး၍ Burmese Golf (BG) မှအဓိကကူညီပံ့ပိုးသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Tour Pro နှင့် Senior Pro အဆင့် ပြိုင်ပွဲများ၏ ဒုတိယနေ့ကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) ၌ ဆက်လက်ပြုလုပ်သည်။




ပြိုင်ပွဲ၏ ဒုတိယနေ့အပြီး Tour Pro ဆင့်ပြိုင်ပွဲတွင် ဘိုဘို (HAN Golf Masters) က နှစ်ရက်ပေါင်း ရိုက်ချက် ၁၃၉ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ပထမ၊ နိုင်နိုင်လင်း၊ လွင်မိုး၊ မျိုးဝင်းအောင် (PMA Association)၊ သိန်းနိုင်စိုး (HAN Golf Masters)၊ မျိုးမင်းအောင် (Ramber) တို့က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်၍ ဒုတိယအဆင့်တို့တွင် လည်းကောင်း၊ Senior Pro အဆင့်တွင် မင်းနိုင်(ဝဲပုံ)က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ပြီး ၆၂ ချက်ဖြင့်ပထမ၊ စိုးကျော်ကျော်နိုင် (Taylormade) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ ရိုက်ပြီး ချက် ၇၀ ဖြင့် ဒုတိယ၊ ဇော်လင်းက ၇၂ ချက်ဖြင့် တတိယတို့တွင်လည်းကောင်း အသီးသီးဦးဆောင်ကစားလျက်ရှိသည်။

ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ) ၌ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ လေးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်၊ သက်ကြီးတန်း ဝါသနာရှင်အဆင့် ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ ရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)တွင်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့နယ် အထက ဒေါင့်ကြီးကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၈**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဒေါင့်ကြီးအုပ်စု ဒေါင့်ကြီးအခြေခံပညာ အထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် လူငယ်ရေးရာကော်မတီက ကြီးမှူးကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းကုန်းမြို့နယ် လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကားပြောကြားပြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပိုပိုဇင်က လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အားကစားမှူး ဦးထွန်းထွန်းဝင်းက ကျန်းမာကြံ့ခိုင်သည့် လူငယ်များထွက်ပေါ်လာစေရေး လေ့ကျင့်ပျိုးထောင်ပုံကို ရှင်းလင်းပြောကြားပြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌက အားကစားပစ္စည်းများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားရီက လက်ခံရယူသည်။



အခမ်းအနား ဒုတိယပိုင်းအစီအစဉ်အရ လူငယ်နှင့်စည်းကမ်းကဏ္ဍအား Grade 10 မှ မောင်လင်းမြတ်သက်ကျော်က လည်းကောင်း၊ လူငယ်နှင့်ကျန်းမာရေးကဏ္ဍအား Grade 10 မှ မောင်စိုးဝေဖြိုးက လည်းကောင်း၊ လူငယ်နှင့် အားကစားကဏ္ဍအား Grade 10 မှ မဟေမန်ကိုကိုက လည်းကောင်း၊ လူငယ်နှင့်စာပေကဏ္ဍအား Grade 10 မှ မချမ်းအိအိငြိမ်းက လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



ရမည်းသင်းခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဆင့်၊ ရမည်းသင်းခရိုင် ဦးစီးအရာရှိ ဦးထွန်းထွန်းဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသူရလင်းနှင့်သန္ဓေတပ်ဖွဲ့ဝင်များက ရမည်းသင်းအကျဉ်းထောင်၌ ဖေဖော်ဝါရီ ၁၈ ရက်က မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပြီး သရုပ်ပြလေ့ကျင့်မှု ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတို့အား မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးဦးထင်ကျော်ဦးနှင့်အဖွဲ့က မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ ဝင်းစိုး(ကျောက်တန်း)



မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနိုးဆော်ခြင်းကို ဖေဖော်ဝါရီ ၁၇ ရက်က မြို့နယ် မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဖြိုးဝေအောင်နှင့် သန္ဓေ မီးသတ်တပ်ဖွဲ့ဝင်များက လှည့်လည်ဆောင်ရွက်စဉ်။

ချို့မြတ်မြတ်ထွေး (ပြန်/ဆက်)



## Farm Mechanics ဘာသာရပ်သင်ကြားပို့ချမည့် ဆရာများအတွက် မွမ်းမံသင်တန်းပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း Grade-12 (Farm Mechanics) ဘာသာရပ် သင်ကြားပို့ချမည့် သင်ကြားရေးဆရာများအတွက် လေ့ကျင့်သင်ကြားရေး မွမ်းမံသင်တန်း (Training For Trainer) ဖွင့်ပွဲကို ယမန်နေ့က မိတ္ထီလာမြို့ စက်မှုလယ်ယာဦးစီးဌာန စက်မှုလယ်ယာဗဟို သင်တန်းကျောင်း၌ကျင်းပခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဒုတိယဝန်ကြီးက လယ်ယာသုံးစက်ကိရိယာများ၏ စက်ကိရိယာပိုင်းဆိုင်ရာ အချက်အလက်များ၊ မောင်းနှင်ပြုပြင်ထိန်းသိမ်းမှုများ၊ စက်ကိရိယာကိုင်တွယ်သုံးစွဲရာတွင် သတိပြုဆောင်ရွက်ရမည့် အချက်များကိုသာမက သီးနှံအမျိုးအစားအလိုက် စက်ကိရိယာများ၏ အသုံးဝင်မှု၊ အကျိုးသက်ရောက်မှု၊ အားသာချက်၊ အားနည်းချက်များကိုပါ ထည့်သွင်းသင်ကြားနိုင်ရန် မှာကြားလိုကြောင်း၊ သင်တန်းဆရာ ဆရာမဖြစ်လာမည့်သူများအနေဖြင့် ယခု(Training For Trainer) သင်တန်းတွင် သင်ကြားမှုများအပေါ် အထူးအလေးထားသင်ယူမှု၊ လက်တွေ့ဆောင်ရွက်မှုများဖြင့် ကြိုးစားကြစေလိုကြောင်း၊ ဒေသအသီးသီး လုပ်ငန်းတာဝန်အသီးသီးမှ လာရောက်ကြသူများဖြစ်၍ မိမိတို့အချင်းချင်း အသိပညာများ ဖလှယ်မှုများကိုဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း Grade-12 တွင် စက်မှုလယ်ယာ ဘာသာရပ် (Farm Mechanics) သင်ကြားပို့ချနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီး၌ သင်ကြားရေး အတွေ့အကြုံရှိ စာတွေ့၊ လက်တွေ့သင်ကြားမည့် ဝန်ထမ်းဆရာများအား ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ စာတွေ့ ၄၉ ချိန်၊ လက်တွေ့ ၂၈ ချိန် လေ့ကျင့်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

**မိုး/ဇလ**

## ကျွမ်းကျင်အဆင့် အိမ်ခြံမြေဝန်ဆောင်မှု အခြေခံပညာသင်တန်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး အသိပညာပေးဆွေးနွေးပွဲအခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၁၈**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)မှ ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) Myanmar Real Estate Services Association (Mandalay Region) ၏ ကျွမ်းကျင်အဆင့် အိမ်ခြံမြေဝန်ဆောင်မှု အခြေခံပညာသင်တန်း (Professional Real Estate Basic Training Course) နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအသိပညာပေး(AML/CFT) ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းသူအသင်းသားများအနေဖြင့် နိုင်ငံတော်ကချမှတ်ထားသည့် ဥပဒေများနှင့်အညီ လေးစားလိုက်နာပြီး အိမ်ခြံမြေရောင်းဝယ်ရေး ဝန်ဆောင်မှုများကို အဖွဲ့အစည်းအနေဖြင့် ကျင့်ဝတ်သိက္ခာများ လေးစားလိုက်နာ၍ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကျစေလိုကြောင်း၊ အသင်းဝင်များအနေဖြင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို) ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ၂၉-၁၂-၂၀၂၄ ရက်နေ့တွင် ရွေးချယ် တင်မြှောက်ခဲ့သော မန္တလေးတိုင်းဒေသကြီး အသင်း အလုပ်အမှုဆောင်ကော်မတီ ၄၀ အမည်စာရင်းအား အတည်ပြုကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းကြီး စတင်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ဝန်ဆောင်မှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး) ယာယီဥက္ကဋ္ဌ ဦးရဲလတ်က နှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင့်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်ပြီးဖြစ်သည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “မိကျမ်း” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပေါင်းတလည်မြို့ အရှေ့ပိုင်းရပ်ကွက်နေ စံကြီး(ခ)စံသောင်းအား မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ပေါင်းတလည်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့နယ်၌ ဘိန်းခင်းများဖျက်ဆီး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းပန်လယ်ကျေးရွာအုပ်စုအတွင်းရှိ သီးပွင့်ဆဲဘိန်းခင်း ရှစ်ဧကခန့်ကို ဖေဖော်ဝါရီ ၁၈ ရက်က ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ)ရဲမှူးကြီး သန့်ဇင်၊ ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ)ဒုတိယရဲမှူးကြီး အောင်မြင့်ကြည်၊ ကျိုင်းတုံမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းလွင် ဦးစီးတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် မိုင်းပန်လယ်ကျေးရွာအုပ်စု ပိန်းအွတ်ကျေးရွာ၏ မြောက်ဘက် ၅ ဖာလုံခန့်အကွာတွင် သီးပွင့်ဆဲဘိန်းခင်း ရှစ်ဧကကျော်ကို ဖျက်ဆီးခဲ့သည်။



ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရန် စီမံချက်များရေးဆွဲ၍ ဘိန်းစိုက်ပျိုးခြင်းရပ်တန့်ကာ အခြားစီးပွားဖြစ် သီးနှံများ စိုက်ပျိုးရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“မရိုးနိုင်သော ကောလာဟလများ”** ခေါင်းစဉ်ဖြင့် ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF တွေလား ဘာသာမဲ့အစွန်းရောက်တွေလား”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရောက်ရှိနေသော ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများ တက်ရောက်ကြသည်။




ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာတွင် သက်ဆိုင်ရာနယ်မြေအလိုက် ယာယီနေရပ်စွန့်ခွာနေရသူများအားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး စနစ်တကျ ထိထိရောက်ရောက် ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထောက်ပံ့မှုများကို ပြည်ထောင်စုနယ်မြေအတွင်းတွင် လာရောက်နေထိုင်သည့် အမှန်တကယ် နေရပ်စွန့်ခွာပြည်သူများလက်ဝယ် မှန်ကန်မြန်ဆန်စွာရောက်ရှိစေရေး သက်ဆိုင်ရာဝန်ကြီးဌာန၊ ခရိုင်/မြို့နယ်အလိုက် ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ထောက်ပံ့ပေးအပ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယာယီနေရပ်စွန့်ခွာနေရသည့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း ထောက်ပံ့ငွေထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများတွင် လာရောက်နေထိုင်သူ လူဦးရေ ၃၇၁၃ ဦးအတွက် ငွေကျပ် ၇၄၂၆၀၀၀၀၊ တပ်နယ်များတွင် လာရောက်နေထိုင်သူ လူဦးရေ ၄၃၆ ဦးအတွက် ငွေကျပ် ၈၇၂၀၀၀၀၊ မြို့နယ်ရှစ်မြို့နယ်တွင် လာရောက်နေထိုင်သူ လူဦးရေ ၅၅၂၃ ဦးအတွက် ငွေကျပ် ၁၁၀၄၆၀၀၀၀ စုစုပေါင်း လူဦးရေ ၉၆၇၂ ဦးအတွက် ငွေကျပ် ၁၉၃၄၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အကြမ်းဖက်ဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများချီးမြှင့်ပေးအပ်

**ဘားအံ ဖေဖော်ဝါရီ ၁၈**

ကရင်ပြည်နယ် အစွန်အဖျားနေရာဒေသအချို့၌ နယ်မြေတည်ငြိမ်အေးချမ်းမှုအားနည်းပြီး အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဘားအံမြို့နယ်အတွင်း ပြောင်းရွှေ့နေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေများချီးမြှင့်ပေးအပ်သည့်အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သဘာဝဘေးအန္တရာယ်ကျရောက်မှုတွင် ပါဝင်သောအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် တပ်ရင်းတပ်ဖွဲ့များ၊ ဝန်ထမ်းများ၊ ပြည်သူများ စသည်ဖြင့် အိမ်ထောင်စုပေါင်း ၃၄၀၄ စု၊ လူဦးရေ ၁၂၆၈၉ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်ရှိ နေရပ်စွန့်ခွာပြည်သူများ၏ ကျန်းမာရေး၊ ပညာသင်ကြားရေး၊ အေးချမ်းစွာ နေထိုင်စားသောက်နိုင်ရေးအတွက် အမြဲသတိပြုကြည့်ရှုစောင့်ရှောက် ပေးလျက်ရှိပြီး နေရပ်စွန့်ခွာဝန်ထမ်းများလည်း မိမိတို့၏ဌာန လုပ်ငန်းတာဝန်ကို စိုးရိမ်ကြောင့်ကြကင်းစွာဖြင့် တာဝန်ကျေပွန်အောင်ဆောင်ရွက်ပေးကြစေလိုကာ ပြည်သူများအနေဖြင့်လည်း နေထိုင်စဉ်ကာလအတွင်း ခိုက်ရန်ဖြစ်ပွားမှုမရှိဘဲ ရင်းနှီးချစ်ခင်စွာ နေထိုင်ကြရန်၊ သန့်ရှင်းသည့် သောက်သုံးရေအသုံးပြုကြရန်၊ ကျန်းမာရေးဂရုစိုက်ကြရန်၊ တာဝန်ရှိသူများ၏ပြောဆိုဆုံးမမှုကို နာခံကြရန်နှင့် အခက်အခဲရှိပါက အထက်ဌာနများ၊ နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့များသို့ ချက်ချင်းသတင်းပို့ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံမြို့နယ်အတွင်း ရောက်ရှိလာသော နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၂၅၃၇ ဒသမ ၈ သိန်း (နှစ်ထောင့်ငါးရာသုံးဆယ့်ခုနစ်သိန်းရှစ်သောင်းကျပ်)ကို ဘားအံမြို့နယ်အုပ်ချုပ်ရေးမှူးထံ ချီးမြှင့်ပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များက တက်ရောက်လာသော ယာယီနေရပ်စွန့်ခွာပြည်သူများအား တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ်အတွင်းရောက်ရှိလာသော ယာယီနေရပ်စွန့်ခွာ ပြည်သူများအားရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကာ အချိုရည်နှင့်မုန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီ (၁/၂၀၂၅) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ကိုလေး၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက ကော်မတီ၏ လုပ်ငန်းတာဝန်များအား ကော်မတီဝင်များအားလုံးက ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ၂၀၂၃ ခုနှစ်တွင် တစ်နိုင်ငံလုံးအနေဖြင့် Fire Hot-spot ဖြစ်ပေါ်မှု ၅၆၅၀၄ ကြိမ်ရှိပြီး ၂၀၂၄ ခုနှစ်တွင် ၅၁၀၉၁ ကြိမ် ဖြစ်ပေါ်ခဲ့သဖြင့် နှိုင်းယှဉ်ပါက ၅၄၁၃ ကြိမ် လျော့နည်းခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် Fire Hotspot ဖြစ်ပေါ်မှုမှာ မြန်မာတစ်နိုင်ငံလုံးအနေဖြင့် ၁၂၇၉ ကြိမ်ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ၁၀၅၇ ကြိမ် ဖြစ်ပေါ်ခဲ့သည့်အတွက် နှိုင်းယှဉ်မည်ဆိုပါက ၂၂၂ ကြိမ် လျော့ကျခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ASMC website မှ ရရှိသည့် Fire Hotspot ဆိုင်ရာအချက်အလက်များအရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ပထမသီတင်းပတ်တွင် ၁၂၃ ကြိမ်၊ ဒုတိယသီတင်းပတ်တွင် ၂၀၁ ကြိမ်၊ တတိယသီတင်းပတ်တွင် ၂၈၆ ကြိမ်နှင့် စတုတ္ထ သီတင်းပတ်တွင် ၄၄၇ ကြိမ်အထိ တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ ရှမ်းပြည်နယ်တွင် ၂၅၅ ကြိမ်ဖြင့် အများဆုံးဖြစ်ပေါ်ခဲ့ပြီး ဒုတိယအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၁၄ ကြိမ် ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နှစ်စဉ် နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလများတွင် Hotspot အရေအတွက် ပိုမိုများပြားလာနိုင်သည့်အတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပညာပေးဆွေးနွေးရေးနှင့် စစ်ဆေးရေးအဖွဲ့များအနေဖြင့် အသိပညာပေးဟောပြောခြင်း၊ စစ်ဆေးကြပ်မတ်ခြင်းနှင့် လိုက်နာမှုရှိစေရေး ဆောင်ရွက်မှုများကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။



ကွင်းဆင်းစစ်ဆေးရေး အဖွဲ့များအနေဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို ပေးပို့ရာတွင် အချက်အလက်၊ ကိန်းဂဏန်း၊ မှတ်တမ်းဓာတ်ပုံများနှင့်တကွ ပေးပို့ကြရန် လိုအပ်ပါကြောင်း၊ ကုန်းမြင့်လယ်ယာဖော်ထုတ်မှု၊ လယ်ယာထွက်အမှိုက်များအား စုပုံမီးရှို့မှုမရှိစေရေး၊ တောမီးရှို့မှုမရှိစေရေး ပညာပေးဆွေးနွေးမှု စသည့်မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု လျော့ချနိုင်မည့် လုပ်ငန်းများအား ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ရွှေ့ပြောင်းတောင်ယာစနစ်မှ ကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် နေရာနှင့် ရေအရင်းအမြစ်ရှိပါက ဆိုလာရေတင်စနစ်ကို ဆောင်ရွက်သင့်ပါကြောင်းနှင့် ကုန်းမြင့်လယ်ယာ ဆောင်ရွက်လိုသည့်နေရာများရှိပါက နည်းပညာကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီ၏ လုပ်ငန်းများနှင့် ပတ်သက်သည့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်လုပ်ဆောင်မည့် အစီအစဉ်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ဥပဒေအသိပညာပေးဟောပြောပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက သစ်တောဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများကို ဥပဒေအသိပညာပေး ဟောပြောပွဲ ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က အမှာစကားပြောကြားပြီး ဥပဒေသိမှတ်ဖွယ်ရာ စာအုပ်များအား တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ဦး-၂ ထံ လက်ဆောင်ပေးအပ်သည်။



ထို့နောက် လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးအေးကိုက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေနှင့် အကြမ်းဖက် တိုက်ဖျက်ရေးဆိုင်ရာဥပဒေတို့အားလည်းကောင်း၊ တိုင်းဒေသကြီး ဒုတိယဥပဒေအရာရှိဒေါ်ဥမ္မာလွင်က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ၊ နည်းဥပဒေတို့ကိုလည်းကောင်း ဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။ **သက်ထက်**



## ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာအကြောင်းအရာများ ဆွေးနွေး

**ပန်းတောင်း ဖေဖော်ဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေနှင့်ပတ်သက်၍ ဥပဒေဆိုင်ရာအကြောင်းအရာများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပန်းတောင်းမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူးဖြိုးသူစိုးက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်သီဟက တက်ရောက်လာကြသော ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ရပ်မိရပ်ဖနှင့်ပူးပေါင်း၍ ညှိစာရင်းစစ်ဆေးသည့်လုပ်ငန်းများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားမည်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက ပြည်သူ့စစ်မှုထမ်းနည်းဥပဒေပါအချက်များကို ပြည်သူများ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်စေရန် အသေးစိတ်ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

**လပြည့်လင်း (ပြန်/ဆက်)**

## မိုင်းပန်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေ

**မိုင်းပန် ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ် မြို့မရဲစခန်း၏ စီစဉ်မှုဖြင့် ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ပိုမိုသိရှိနားလည်နိုင်စေရန်နှင့် ယာဉ်/လမ်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အခြေခံပညာအလယ်တန်းကျောင်း(မွေတော်)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် မိုင်းပန်မြို့မရဲစခန်း ဒုတိယရဲမှူး ကိုကိုဦးက မော်တော်ဆိုင်ကယ်မောင်းနှင်သူများ လိုက်နာရမည့်အချက်များ၊ ဦးစားပေးရမည့်မော်တော်ယာဉ်များ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မများနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ရှင်းလင်းဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ညောင်ရွှေမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်

**ညောင်ရွှေ ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်ဖြစ်စဉ်များကြောင့် ညောင်ရွှေမြို့နယ် အတွင်းသို့ ရောက်ရှိလာသော နေရပ်စွန့်ခွာပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နေရပ်စွန့်ခွာလာကြသည့် ရပ်ကွက်အသီးသီးရှိ ပြည်သူများနှင့် ဌာနဆိုင်ရာ မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် နေရပ်စွန့်ခွာပြည်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် ညောင်ရွှေမြို့နယ်အတွင်း ရောက်ရှိနေကြသည့် နေရပ်စွန့်ခွာပြည်သူ ၁၅၅၈၄ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၁၁၆၈၀၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**



ပဲခူးမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကျောင်းသား ကျောင်းသူများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြစဉ်။ နေမျိုးအောင်

## အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**တောင်ကြီး ဖေဖော်ဝါရီ ၁၈**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များ၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်လှိုင်က အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာပြည်သူများအား နိုင်ငံတော်မှ ငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တောင်ကြီးမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်သူ ၃၀၇၆၅ ဦးအတွက် တောင်ကြီးမြို့နယ် အုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ ရပ်စောက်မြို့နယ်အတွင်းရှိနေရပ်စွန့်ခွာပြည်သူတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပြည်သူ ၃၀၉၉ ဦးအတွက် ရပ်စောက်မြို့နယ် အုပ်ချုပ်ရေးမှူးအားလည်းကောင်း ပေးအပ်ခဲ့သည်။

ထို့နောက် တောင်ကြီးမြို့နယ်အတွင်း ရောက်ရှိနေသော နေရပ်စွန့်ခွာပြည်သူများအား တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးသက်ဦး၊ တောင်ကြီးခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဌေးရွှေ၊ တောင်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးခင်မောင်ဝင်း၊ တောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူနှင့် ရပ်စောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းစိုးနိုင်တို့က နေရပ်စွန့်ခွာပြည်သူများအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အသီးသီးပေးအပ်ခဲ့ရာ တောင်ကြီးခရိုင်အတွင်းရှိ နေရပ်စွန့်ခွာပြည်သူ အမျိုးသား ၁၄၇၄၆ ဦး၊ အမျိုးသမီး ၁၉၁၀၉ ဦး စုစုပေါင်း ၃၃၈၅၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၇၇ ဒသမ ၁ သန်း ပေးအပ်ခဲ့သည်။

အလားတူ ရှမ်းပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ နေရပ်စွန့်ခွာပြည်သူများအား တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ပေးအပ်ခဲ့ရာ ရှမ်းပြည်နယ် တစ်ခုလုံးအနေဖြင့် နေရပ်စွန့်ခွာပြည်သူ ၉၇၂၅၃ ဦးအား ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွက် ငွေကျပ် ၁၉၄၅ ဒသမ ၀၆ သန်း ပေးအပ်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှ ဒီဇင်ဘာလအထိ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် သဲချောင်းကျေးရွာအနီး၌ စက်လှေတစ်စင်းပေါ်မှ တရားမဝင် အခြားသစ် ၁၈ ဒသမ ၀၃၀ တန်နှင့် တရုတ်နီအင်ဂျင်နှစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၀၀၀)၊ အဆိုပါသစ်များ တင်ဆောင်ထားသည့် သစ်သားစက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၃၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီး၊ Foton Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၁၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုး၊ လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၆၀၂၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Noah မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၉၄၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၈၅၄၈၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)လမ်းမကြီးအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၂၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၇၇၆၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Noah မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(ခ)ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၇၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၂၇၇၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ် ဆုတောင်းပြည့်ကျေးရွာအနီး၌ လိုင်စင်မဲ့ Honda 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၄၆၆၆၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၉၇၂၂၂၀)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## နိုင်ငံတကာသတင်း

## လစ်ဗျားနိုင်ငံရှိ ဆူဒန်ဒုက္ခသည်များအတွက် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၆ သန်း အရေးပေါ် လိုအပ်

**ထရစ်ပိုလီ ဖေဖော်ဝါရီ ၁၈**

လစ်ဗျားနိုင်ငံရှိ ဆူဒန်ဒုက္ခသည်များကို ကူညီရန် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၆ သန်း အရေးပေါ်လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်) က ဖေဖော်ဝါရီ ၁၇ ရက်တွင် ကြေညာထားသည်။

ဆူဒန်ဒုက္ခသည် ၃၇၅၀၀၀၊ အိမ်ရှင်နိုင်ငံရှိ ဒုက္ခသည် ၇၀၀၀၀ နှင့် တတိယနိုင်ငံများမှ ဒုက္ခသည် ၁၀၀၀ တို့ကို ကူညီပံ့ပိုးပေးရန် ရန်ပုံငွေများကို သုံးစွဲသွားမည်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောသည်။

အဆိုပါ ရန်ပုံငွေများမှာ အရေးပေါ်ကူညီမှုမှသည် ကာလရှည်ဖြေရှင်းမှုများအထိ မရှိမဖြစ်လိုအပ်သော အကူအညီများကို ပံ့ပိုးပေးရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီလယ်တွင် ဆူဒန်နိုင်ငံ၌ ပဋိပက္ခဖြစ်ပွားပြီးနောက် လစ်ဗျားနိုင်ငံသို့ ဆူဒန်ဒုက္ခသည် ၂၄၀၀၀၀ ကျော် ရောက်ရှိလာကြောင်း ယူအင်န်အိတ်ချ်စီအာရ်က ပြောသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိရေး ကြိုးပမ်းအားထုတ်လျက်ရှိသော်လည်း လစ်ဗျားနိုင်ငံရှိ ဆူဒန်ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများသည် အမိုးအကာ၊ သန့်ရှင်းသော သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အစားအစာအပါအဝင် အရေးပေါ်လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**






## အင်ဒိုနီးရှားနိုင်ငံက ၂၀၃၀ ပြည့်နှစ်မတိုင်မီတွင် လျှပ်စစ်ကားအားသွင်းစခန်းပေါင်း ၆၃၀၀၀ တည်ဆောက်မည်

**ဂျကာတာ ဖေဖော်ဝါရီ ၁၈**

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီတွင် လျှပ်စစ်ကား (အီးဗွီ) အစီးရေ ၉၄၃၀၀၀ ရှိလာနိုင်သည်ဟု တွက်ဆထားသည့်အတွက် အဆိုပါကားများကို အားပြန်လည်ဖြည့်သွင်းပေးနိုင်ရန် အားသွင်းစခန်းပေါင်း ၆၃၀၀၀ ကို တည်ဆောက်သွားရန် စီစဉ်နေကြောင်း စွမ်းအင်နှင့်သတ္တုအရင်းအမြစ်ဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြေညာထားသည်။

နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ PT PLN ၏ အချက်အလက်များအရ လတ်တလော အင်ဒိုနီးရှားနိုင်ငံ နေရာအများအပြားတွင် အားသွင်းစခန်းပေါင်း ၃၂၃၃ ခုရှိကြောင်း သိရသည်။ လျှပ်စစ်အားသွင်းစခန်းများ တိုးချဲ့မှုက သွင်းကုန်စက်သုံးဆီအပေါ် မှီခိုမှုလျှော့ချရန်၊ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ကူးပြောင်းမှုကို မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း လျှပ်စစ်ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဂျစ်မန်းဟူတာဂျူလူက ပြောသည်။

လတ်တလော အင်ဒိုနီးရှားနိုင်ငံ၏ စက်သုံးဆီသုံးစွဲမှုမှာ တစ်နေ့လျှင် ပျမ်းမျှ ရေနံစည် ၁ ဒသမ ၄ သန်းရှိပြီး ပြည်တွင်းထုတ်လုပ်မှုမှာ ခြောက်သိန်းခန့်သာရှိကြောင်း သိရသည်။ လျှပ်စစ်ကား အားသွင်းစခန်းတိုးချဲ့ခြင်းက အင်ဒိုနီးရှားနိုင်ငံအတွက် တစ်နေ့လျှင် ရေနံစည် ၆၆၀၀၀ အထိ လျှော့နည်းသက်သာစေမည် ဖြစ်သည်။

လျှပ်စစ်ကားများနှင့် အားသွင်းအခြေခံ အဆောက်အအုံများ တိုးမြှင့်ခြင်းက စီးပွားရေးအကျိုးကျေးဇူးများ ရရှိစေသည့်အပြင် ကာဗွန်ထုတ်လွှတ်မှုကို နှစ်စဉ်တန်ချိန် တစ်သန်းအထိ လျှော့ချပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဂျစ်မန်းက ပြောသည်။ **ဆင်ဟွာ**

# အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် တစ်စီးအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး ရှစ်ဦးတို့၌ မိုင်းစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သား ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိပြီး လမ်း၊ တံတားများ ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် လူနေထိုင်ရာ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ Drop Bomb များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိသကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော အေးချမ်းစွာသွားလာလျက်ရှိသည့် ကုန်တင်ကားများ၊ ခရီးသည်တင်ယာဉ်များနှင့် အရပ်ယာဉ်များကိုလည်း နှောင့်ယှက်ပစ်ခတ် တိုက်ခိုက်ခြင်းများ၊ မိုင်းထောင် ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသည်။




အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်ပျက်စီးနေမှုကို တွေ့မြင်ရစဉ်။



ထိုသို့ လုပ်ဆောင်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အပြစ်မဲ့ပြည်သူများ စီးနင်းလာသည့် ဘုရားဖူးယာဉ် တစ်စီးကိုလည်း ယနေ့ မွန်းလွဲ ၂ နာရီခန့်တွင် အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာမှ မြိတ်မြို့သို့ ယာဉ်မောင်း ဦးမျိုးမောင်းနှင်လာပြီး အပြစ်မဲ့ပြည်သူများ စီးနင်းလိုက်ပါလာသည့် Light Truck အမျိုးအစား မော်တော်ယာဉ်အား ပနပ်ငယ်ကျေးရွာအနီးသို့ အရောက်၌ အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲခဲ့သဖြင့် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ကလေးငယ်များအပါအဝင် အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ကိုးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။ ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား မြိတ်မြို့ရှိပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သိရှိရသည်။

တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုဖြစ်စဉ်နေရာပြပုံ




အဆိုပါ ဖြစ်စဉ်ဖြစ်ပွားရာ လမ်းကြောင်းတစ်လျှောက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုကို တွေ့မြင်ရစဉ်။



အကြမ်းဖက်သမားများက အရပ်သားမော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ရသည့် အပြစ်မဲ့ပြည်သူများအား လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်ပေးထားမှုကို တွေ့မြင်ရစဉ်။



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆောင်ရွက်စဉ်။

ဓာတ်ပုံ(အထက်မင်းလှ)

# ကနီမြို့နယ်ရှိ ကူးတို့ဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ နှစ်ဦး ဒဏ်ရာရပြီး ကားနှင့်ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် မုဋ္ဌောအရှေ့ရွာရှိ ချင်းတွင်းမြစ်ကူးတို့ဆိပ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၇ ရက်တွင် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ နှစ်ဦး ဒဏ်ရာရပြီး ကားနှင့်ဆိုင်ကယ်များ မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူများနှင့် ဒေသခံများအား ဆက်သွယ် မေးမြန်းချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများသွားလာနေထိုင်လျက်ရှိသည့် နေရာများအား ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အလုံးစုံပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၌ အရေးပါသည့် ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ပြည်သူများ သွားလာလှုပ်ရှားနေထိုင်လျက်ရှိသည့် လူစည်ကားသည့်နေရာများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ဒရုန်းဖြင့်ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်





များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ

ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ

KBZ Pay ဒါန ကုသိုလ်ပြုမယ်။
Botahtaung Pagoda
70081301001
Botahtaung Pagoda
www.kbzpay.com
Call Center 3211



CBPay အလှူဒါနပြုရအောင်
BOTAHTAUNG PAGODA
Call Centre : (95-1) 231 7770

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလမှစ၍ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ မိမိတို့စေတနာ သဒ္ဓါတရားရှိသည့်အလျောက် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ရန်အတွက် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်းအစီအစဉ်တွင် KBZ Pay, CB Pay မှလည်း QR Code ဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း ၀၁၈ ၂၀၁၇ ၆၄ ၊ ၀၉ ၄၄၄ ၉၁၄ ၉၉၀


## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

ဟုမ္မလင်း၊ အထက(၁)Grade-11မှ မောင်ရဲရင့်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၁-၂၀၀၆)ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင်အမည်မှန်မှာ ဦးဒွေးပေါ့ ၅/ဟမလ(နိုင်)၀၄၆၇၂၄ အမှန်ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ဟံဇားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျှက်ရှိသော မောင်သက်ပိုင်ထူး(Grade-11)ကျောင်းဝင်အမှတ်-0727) ၉/သစန(နိုင်)၂၁၇၇၇၀) ၏ဖခင်အမည်မှန်မှာ ဦးမျိုးသန့် (၉/သစန(နိုင် )၀၉၆၀၁၇)ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ဦးဆောင်းတင်၏သမီး မိုးမြတ်မြတ်ခိုင် ၁၂/ဗဟန(နိုင်)၀၀၁၄၁၇ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၁၁၂၂၆၀

## ပတ်စ်ပို့ပျောက်

ဧရာဝတီတိုင်းဒေသကြီး၊ ကြပ်ကြီးကျေးရွာ၊ ယင်းမလွတ်အုပ်စု၊ ဇလွန်မြို့နေ (ဘ)ဦးခ၏သား ကိုမျိုးဇော်ထွန်း ၁၄/ဇလန(နိုင်)၁၄၇၆၉၆၏ Passport(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၉၈၆၂၃၇၄၉၇

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6P/8654 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## မိခင်အမည်မှန်

သရက်ချောင်းမြို့နယ်၊ သင်းကျွန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း Grade 4 မှ မဝိုင်းစုမြတ်နိုး Grade 2 မှ မောင်ဂျီမင်းကို တို့၏မိခင် ဒေါ်မာမာသက် ၏ အမည်မှန်မှာ ဒေါ်မာလာစမ်း ၆/သရခ(နိုင်)၀၄၂၈၄၅ ဖြစ်ပါကြောင်း။

**ဒေါ်မာလာစမ်း**

## မွေးသက္ကရာဇ်အမှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

တန့်ယန်းမြို့ အထက(၁)ကျောင်းမှ ဒေါ်နန်းခမ်းကျင် ၏ မွေးသက္ကရာဇ် အမှန်မှာ (13.2.1966)ဖြစ်ပြီး ၎င်း၏ ဖခင် ဦးပူလွယ်ဟိန်းထွန်း (ခ) ဦးပူလွယ်ထွန်း(ခ)ဦးလွယ်ဟိန်းထွန်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ခတ္တာလမ်း၊မြေကွက်အမှတ်(၄၉၈)၊ဧရိယာ(၀.၀၅၉)ဧက၊မြေအကျယ်အဝန်း(အလျား၄၃ပေXအနံ၆၀ပေ)(၂၅၈၀)စတုရန်းပေ၊ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးလှထွန်းအောင်အမည်ပေါက်လျက်ရှိပြီး ခင်ပွန်းသည်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်၁၂၉၂/၂၀၂၁/ ၁၃၈၃(၂၀-၁-၂၀၂၁)အရ အမွေဆက်ခံခွင့်ရှိသူဒေါ်ခင်စမ်း ၁၂/ဥကတ(နိုင်)၁၁၁၅၁၀)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-(၂၅၇၇၅/ ၂၀၂၃)ဖြင့် လက်ခံရယူထားသူ ဦးအောင်ကျော်မိုး ၁၂/တမန(နိုင်)၀၅၃၀၅၀ထံမှ အဆိုပါယင်းမြေကွက်နှင့် ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားဆက်စပ်စာချုပ်များအရ တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်စန္ဒီလေးလွင် ၁/မကန(နိုင်)၁၄၁၅၉၀မှ မိမိဝယ်ယူထားသော မြေကွက်ဖြစ်ကြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းကို ဝန်ခံပြောဆိုပြီးရောင်းချလိုကြောင်း ကမ်းလှမ်းရာ အာရှရွှေခြသေ့ကုမ္ပဏီလီမိတက်မှ ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍အထက်ဖော်ပြပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန် ပါကဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၉၉၅၃)**

**ဒေါ်လှလှသွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၈၅၄၈)**

**အမှတ်၁/ဘီ၊ အခန်း(၃၀၄)၊ ရတနာအိမ်ရာ၊ ဇမိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၃၅၃၇၆၈၊ ၀၉-၄၂၁၁၆၆၂၄၉၊ ၀၁-၈၆၆၆၁၈၃၊ ၀၁-၈၆၅၁၄၃၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၇)၊ သီရိစန္ဒာလမ်း၊ မြေကွက်အမှတ်(၁၁၂၁)၊ ရှိ ဒေါ်နော်မေရီဒွေး (ISN- ၀၂၉၇၃၄)အမည်ပေါက် မြေချပါမစ် မူရင်း၊ ဧရိယာအကျယ်အဝန်း(၄၀ပေ x ၆၀ပေ ) ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ် ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရန်နိုင်စိုး(၉/ညဥန(နိုင်)၁၉၇၈၄၄) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လွင်မာရီ ( ၅/ဝလန(နိုင်) ၀၀၀၂၁၄) နှင့် ဒေါ်ဇူလှိုင်နှင်း (၆/တသရ(နိုင်) ၀၃၀၅၁၂) တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွင်မာရီ နှင့် ဒေါ်ဇူလှိုင်နှင်း တို့၏လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| ဒေါ်မြတ်မွန်ခိုင် (LL.B) | ဒေါ်စုရည်လှိုင်(LL.B) | ဒေါ်သင်းလဲ့လှိုင်(LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၅၆၇၄၅) | (စဉ်-၁၈၇၄၅) | (စဉ်-၅၆၇၄၄) |

**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၂၄၄၉၄၂၂ ၊ ၀၉-၆၉၃၅၆၃၇၈၅**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တိုက်အမှတ်(၁၄၁)(ခေါင်းရင်းခြမ်း)၊ မျက်နှာမူလျှင်(ဝဲ) အကျယ်အဝန်း (၁၃ ပေX၅၅ပေ)ရှိ တိုက်ခန်း (၁)ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါတိုက်ခန်းအား (၁) ဦးမြင့်ဦး (၁၂/မဂတ(နိုင်) ၀၃၅၂၃၇)၊ (၂) ဒေါ်တင်မာဝေ (၁၂/အစန(နိုင်) ၀၅၉၉၇၀)၊ (၃) ဦးဇော်မိုး (၁၂/မဂတ(နိုင်) ၀၄၁၀၆၁)၊ (၄) ဦးမျိုးမြင့်သိန်း (၁၂/မဂတ(နိုင်)၀၀၁၂၉၄)၊ (၅) ဦးကျော်စိန်ဝင်း (၁၂/မဂတ(နိုင်)၀၇၈၇၆၁)၊ (၆) ဒေါ်ပြည့်ပြည့်ဖြိုး (၁၀/ကထန(နိုင်)၁၀၁၈၂၇)တို့မှ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆို၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထက်မြတ်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းအမှတ်(၃)၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/8030,Changhe Q-35 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်မြင့် ၇/ပခန(နိုင်)၀၁၈၁၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၂၅၇၆, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇော်ဦး ၆/မအန(နိုင်) ၀၃၉၁၃၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၇

ဦးတင်ဝါလွင် **တရားလို** နှင့် ဦးခင်မောင်လင်း **တရားပြိုင်**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၂)၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၅၃၄)နေ ဦးခင်မောင်လင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်ဝါလွင်က မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ မတ်လ ၁၀ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်လိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းလဲ့လဲ့ထိန်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်
## (၂၃)ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၏ (၂၃)ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်–

(က) **အစမ်းလေ့ကျင့်မည့်ရက်** – ၁၀–၃–၂၀၂၅ရက် (တနင်္လာနေ့)

(ခ) **ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်** – ၁၁–၃–၂၀၂၅ရက် (အင်္ဂါနေ့)

၂။ (၂၃)ကြိမ်မြောက်၊ (၂၄)ကြိမ်မြောက်နှင့် (၂၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်မှ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်–

(က) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ (၁/၂၀၂၀)(ပုံမှန်/နောက်ဆက်တွဲ) သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများ

(ခ) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ(၁/၂၀၂၃)(ပုံမှန်/နောက်ဆက်တွဲ) သင်တန်း စာမေးပွဲ အောင်မြင်ပြီးသူများ

(ဂ) စတုတ္ထနှစ်ဆေးဝါးသိပ္ပံ (၁/၂၀၂၄)(ပုံမှန်)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) ဆေးဝါးမဟာသိပ္ပံဘွဲ့(၂၀၂၀၊ ၂၀၂၁၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၄) ခုနှစ်များတွင် စာမေးပွဲအောင်မြင်ပြီးသူများ

(င) ဆေးဝါးသိပ္ပံပါရဂူဘွဲ့(၂၀၂၁၊ ၂၀၂၂၊ ၂၀၂၃၊ ၂၀၂၅)ခုနှစ်များတွင် စာမေးပွဲ အောင်မြင်ပြီးသူများ

၃။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး **၁၅၀၀/– (ကျပ်တစ်ထောင့်ငါးရာတိတိ)** ပေးသွင်းရမည်ဖြစ်ပြီး၊ အဝေးရောက်ဘွဲ့ယူသူများသည် **၁၀၀၀/– (ကျပ်တစ်ထောင်တိတိ)**ပေးသွင်းရမည်ဖြစ်သည်။

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက်(အမျိုးသား–မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး–မြန်မာဝတ်စုံ)ဖြင့် လတ်တလော ရိုက်ကူးထားသော ( ၁ ½ " x ၂")အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် (၁၉–၂–၂၀၂၅)ရက်မှ (၃–၃–၂၀၂၅)ရက်အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ( အပြည့်အစုံ) တို့အနက် နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံ ဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီး ဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက်ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်၊ ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်း–၀၉–၇၈၇၄၂၇၅၆၂ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8170, Suzuki CARRY DA637 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၅/စကန(နိုင်)၁၈၀၉၇၁ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ဃ/၉၀၁၇၄,Honda Click–150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင်သူ ၆/ပလန(နိုင်) ၀၀၀၆၃၃က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ဃ/၉၁၄၉၀, Honda Click–125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်နိုင် ၆/မအရ (နိုင်)၀၀၀၆၂၄က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ရွှေစင်ရွှေသားမျက်နှာကြက်တော်ကြီး ရေစက်ချ အခမ်းအနား ဖိတ်ကြားခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့တွင် ကိန်းဝပ်စံပယ် နေတော်မူသော မာရ်အောင်မြင် ပြည်တော်ပြန် ဘုရားကြီး၏ ဂန္ဓကုဋီတိုက် အတွင်း အလှူရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် တပ်ဆင်ပူဇော်ခဲ့သော ရွှေစင်ရွှေသား မျက်နှာကြက်တော်ကြီးအား (၉–၆–၂၀၂၄)ရက်မှစ၍ တပ်ဆင်ပူဇော်ခဲ့ရာ (၁၅–၈–၂၀၂၄)ရက်တွင် ပြီးစီးခဲ့ပြီဖြစ်ပါသည်။

ရွှေသားမျက်နှာကြက်တော်ကြီး လှူဒါန်းမှုအစုစုအား အလှူရှင်များအားလုံး စုပေါင်းရေစက်သွန်းချ အမျှဝေခြင်း အခမ်းအနားကို အောက်ပါအစီအစဉ် အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ အလှူရှင်များအားလုံး ကြွရောက်ကြပါရန် လေးစားစွာ အသိပေး ဖိတ်ကြားအပ်ပါသည်။

၁။ **နေ့ရက်** – (၇.၃.၂၀၂၅) ရက် သောကြာနေ့

၂။ **အချိန်** – နံနက်(၀၉:၀၀)နာရီ

၃။ **နေရာ** – မဟာအတုလဝေယံပြည်တော်ပြန်သာသနာ့ဗိမာန်တော်ကြီးအတွင်း မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးဝင်း၊ ဇလွန်မြို့

**အကျိုးတော်ဆောင်ဂေါပကအဖွဲ့**
**ဇလွန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၆)ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၆၀)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကအား မြေငှားဂရန် အမှုတွဲအမှတ်၊ ၆၁/၁၉၉၂–၁၉၉၃ အရ ဒေါ်နုနုအေး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးထက်မြတ်အောင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၁/၂၀၂၄) ဖြင့် ဒေါ်တင်အုန်းမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး (၈–၆–၂၀၂၂)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှား ဂရန်အား (အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်တင်အုန်း ၆/ထဝန(နိုင်)၀၀၈၃၈၇ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ မြိတ်တောင်ရပ်ကွက်၊ အကွက်အမှတ်(၃၇)ဘုရားကိုင်ကွင်း၊ မြေကွက်အမှတ်(၄၉၁)၊ မြေဧရိယာ ၀ ဒသမ ၀၃၄ ဧကအား မြေငှားဂရန် အမှုတွဲအမှတ် ၁၉၅/၂၀၂၃– ၂၀၂၄ အရ ဦးသောင်းဇော်အေး၊ ဒေါ်သန္တာလွင် အမည်ဖြင့်ရရှိခဲ့ပြီး (၁၉–၁၂–၂၀၂၃)ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသောင်းဇော်အေး ၆/ကစန(နိုင်)၀၅၀၁၆၇၊ ဒေါ်သန္တာလွင် ၆/ကစန(နိုင်) ၀၇၁၈၉၉ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အထက အရှေ့ဆင်ကျောင်း G–11 မှ မဇာခြည်အေး၏ မိဘအမည်မှန်မှာ ဦးကျော်မင်းလှိုင် ၇/တငန(နိုင်)၁၅၃၀၃၇၊ ဒေါ်သန်းဌေး ၇/တငန(နိုင်)၀၉၀၃၅၃ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့နယ်၊ အင်းပေါင်(တ)ရွာနေ (ဘ) ဦးထွန်းလှစိန်၏ သမီးအမည်မှန်မှာ မအေးအေးသန်းနှင့် မအေးသန်း ၉/ရမသ(နိုင်)၁၂၆၀၀၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် (၅၃–အေ)၊ မြန်မာနန်းကွက်သစ်၊ မြေကွက်အမှတ် (၅၇၄)၊ မြေဧရိယာ (၀.၀၈၃)ဧကရှိ မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ပန်းကြည်မှ ဦးနိုင်ထွန်းအား ၂၁–၆–၂၀၂၂ ရက်တွင် မြဝတီမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် SPECIAL POWER လွှဲအပ်ထားခဲ့ပါသည်။ ယနေ့ ၁၇–၂–၂၀၂၅ရက်တွင် ကျွန်မ ဒေါ်ပန်းကြည်မှ လွှဲအပ်ထားသော SPECIAL POWERအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ပန်းကြည် ဖုန်း–၀၉–၅၆၇၀၃၆၂**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ပုဗ္ဗသီရိအနောက်ရပ်)၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ (၀.၀၅၅)ဧကရှိ ဦးခင်မောင်လတ်၊ ၉/ရမသ (နိုင်)၀၂၃၆၃၉ (ဘ)ဦးကျော်ဖုံ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက် အမှတ်(ပ–၃၂၆၄၀)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၀၁၉/၂၀၁၉ (၁၆–၉–၂၀၁၉)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ခင်ထွေးမြင့် ၉/ပဗသ (နိုင်)၀၂၂၁၁၀ (ဘ)ဦးထွန်းကြည်မှ ဒေါ်ထက်ထက်စိုး ၉/ပဗသ(နိုင်)၀၃၀၉၀၅၊ ဒေါ်ခင်ထွေးမြင့် ၉/ပဗသ(နိုင်)၀၂၂၁၁၀နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်၊ မကွေး
## (၁၆)ကြိမ်မြောက်၊ (၁၇)ကြိမ်မြောက်နှင့် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်၊ မကွေး၏ (၁၆)ကြိမ်မြောက်၊ (၁၇)ကြိမ်မြောက်နှင့် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ဆေးတက္ကသိုလ်၊ မကွေး၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်–

(က) အစမ်းလေ့ကျင့်မည့်ရက် – (၁၄–၃–၂၀၂၅)ရက် (သောကြာနေ့) နံနက်ပိုင်း

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် – (၁၅–၃–၂၀၂၅)ရက် (စနေနေ့)နံနက်ပိုင်းနှင့် နေ့လယ်ပိုင်း

၂။ (၁၆)ကြိမ်မြောက်၊ (၁၇)ကြိမ်မြောက်နှင့် (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ဆေးတက္ကသိုလ်၊ မကွေးမှ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများတက်ရောက်ရန် လျှောက်ထား နိုင်ပါသည်။

(က) ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၄ ခုနှစ်အတွင်း ပါရဂူဘွဲ့၊ ဆေးပညာမဟာသိပ္ပံဘွဲ့ အောင်မြင်ပြီးသူများ

(ခ) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၇) (ပုံမှန်) သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဂ) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(ခ)(၆/၂၀၁၇)(နောက်ဆက်တွဲ)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဃ) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၈) (ပုံမှန်) သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(င) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ်အပိုင်း(ခ) (၆/၂၀၁၈) (နောက်ဆက်တွဲ)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(စ) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(ခ) (၆/၂၀၁၉) (ပုံမှန်) သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဆ) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ်အပိုင်း(ခ) (၆/၂၀၁၉) (နောက်ဆက်တွဲ)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဇ) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(ခ) (၂/၂၀၂၂) (ပုံမှန်) သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဈ) နောက်ဆုံးနှစ်အမ်ဘီဘီအက်စ် အပိုင်း(ခ) (၂/၂၀၂၂) (နောက်ဆက်တွဲ)သင်တန်း စာမေးပွဲအောင်မြင်ပြီးသူများ

(ဖွင့်လှစ်ခဲ့သောဘွဲ့ပေးအပ်ရမည့်သင်တန်းအပေါ်မူတည်၍ဖြည့်သွင်းရန်ဖြစ်ပါသည်။)

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) တက်ရောက်ဘွဲ့ – ၁၅၀၀ိ/– ( ကျပ်တစ်ထောင့်ငါးရာတိတိ )

(ခ) အဝေးရောက်ဘွဲ့ – ၁၀၀၀ိ/– ( ကျပ်တစ်ထောင်တိတိ )

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးတက္ကသိုလ်၊ မကွေး စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် (အမျိုးသား – မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံ၊ အမျိုးသမီး – မြန်မာဝတ်စုံ) ဖြင့် လတ်တလောရိုက်ကူးထားသော (၁ ½ " x ၂" ) အရွယ် ရောင်စုံဓါတ်ပုံ(၃)ပုံ ပူးတွဲလျက် (၁၉–၂–၂၀၂၅)ရက်နေ့မှ (၅–၃–၂၀၂၅)ရက်နေ့အတွင်း တင်သွင်းကြရမည်။

၅။ အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်သူများအနေဖြင့် အမျိုးသားများသည် မြန်မာအမျိုးသားဝတ်စုံ (တိုက်ပုံ၊ လုံချည်)၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အပြည့်အစုံ) တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း၊ အမျိုးသမီးများသည် မြန်မာအမျိုးသမီးဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍လည်းကောင်း တက်ရောက် ကြရမည်။ သတ်မှတ်ချက်အတိုင်း ဝတ်ဆင်ခြင်းမရှိသူများကို အခမ်းအနားသို့ တက်ရောက်ခွင့်မပြုပါ။

၆။ အသေးစိတ် အချက်အလက်များကို သိရှိလိုပါက ဆေးတက္ကသိုလ်၊ မကွေး စာမေးပွဲနှင့် ဘွဲ့နှင်းသဘင် ဌာနစိတ် ဖုန်းနံပါတ်(၀၆၃–၂၀၂၃၇၀၁၊ ၀၆၃–၂၀၂၃၇၀၂၊ လိုင်းခွဲ–၁၁၀) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်၊ မကွေး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8A/6399 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(စစ်ကိုင်း)**

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(၈)၊ Grade–11 မှ မယွန်းနဒီနွယ်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးကြည်လွင်နှင့် ဒေါ်ဆန်းမြမူ ဖြစ်ပါကြောင်း။

**ဦးကြည်လွင်၊ ဒေါ်ဆန်းမြမူ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ(၀.၀၄၁)ဧကရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင် ဒေါ်သန်းတင်အမည့်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား(၁၇–၁–၂၀၂၅)ရက်စွဲပါအမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ်(၄/၂၀၂၅)အရဒေါ်ကြူကြူဝင်းမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ကညင်တောရပ်ကွက်နေ (ဘ) ဦးသိန်းမြင့် ၁၁/ကဖန(နိုင်)၀၄၀၄၃၂ ၏ သမီးဖြစ်သူ အထက (၂) Grade–7 တွင် ပညာသင်ကြားနေသော မပြည့်ဖြိုး၏ အမည်မှန်မှာ မဖြိုးပြည့် ဖြစ်ပါကြောင်း။ **မဖြိုးပြည့်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ သရက်တောရပ်ကွက်၊ အကွက်အမှတ်(၁/သရက်တော)၊ ဦးပိုင်အမှတ်(၁၃၆)၊ ဧရိယာ (၀.၀၉၃)ဧကရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ် မြေစာရင်းဦးစီးဌာနရှိစာရင်းမြေပုံများတွင်ဦးနီ၊ ဦးမြသိန်း၊ ဦးလှကြီးတို့ အမည်ပေါက်ပြီး ၎င်းမည်ပေါက် အိမ်မြေကွက်အား (၂၀–၁–၂၀၂၅) ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၆/၂၀၂၅)အရ ဒေါ်ဝင်းကြည်ပါ(၄)ဦးမှ ၎င်းတို့အမည်သို့အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(၃၇၄)၊ ဧရိယာ(၀.၀၂၂)ကေနှင့်၊ ဦးပိုင်အမှတ်(၃၇၅) ဧရိယာ(၀.၀၄၇)ကေရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိစာရင်း မြေပုံများတွင် ဒေါ်ခင်မြင့်ပါ(၅)အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၁–၇–၂၀၁၃)ရက်စွဲပါအမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၁၅၃/၂၀၁၃)အရ ဒေါ်ဌေးဌေးဝင်းပါ(၃)မှ ၎င်းတို့အမည်သို့အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး၊ အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/2939 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြတ်သူ ၇/နတလ(နိုင်)၁၅၂၇၁၂ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# တိုင်းရင်းဆေးပညာဦးစီးဌာန
# တိုင်းရင်းဆေးတက္ကသိုလ်
# (၁၅)ကြိမ်မြောက် ၊ (၁၆)ကြိမ်မြောက်နှင့် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၏ (၁၅)ကြိမ်မြောက်၊ (၁၆)ကြိမ်မြောက်နှင့် (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

(က) အစမ်းလေ့ကျင့်မည့်ရက်- ၂၀-၃-၂၀၂၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီ

(ခ) ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်-၂၁-၃-၂၀၂၅ရက်(သောကြာနေ့) နံနက် ၉နာရီ

၂။ (၁၅)ကြိမ်မြောက်၊(၁၆)ကြိမ်မြောက်နှင့်(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမှ အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ပြည့်စုံသူများ တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။

(က) ၂၀၂၁/၂၀၂၂/၂၀၂၃/၂၀၂၄ ပညာသင်နှစ်၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့ ဒုတိယနှစ် စာမေးပွဲအောင်မြင်ပြီး ဘွဲ့ပေးရန် အရည်အချင်းပြည့်စုံပြီ ဖြစ်ကြောင်း ကြေညာပြီးသူများ

(ခ) ၂၀၁၉/၂၀၂၀/၂၀၂၃ ပညာသင်နှစ်၊ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ စတုတ္ထနှစ် စာမေးပွဲအောင်မြင်ပြီး အလုပ်သင်တာဝန်(၁)နှစ်ထမ်းဆောင်ပြီးသူများ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/၃အောင်ချမ်းသာ/အောင်ဇမ္ဗူ မြေကွက်အမှတ်(၁၀၇)၊ ဧရိယာ ၀ ဒသမ ၃၄၅ ဧကရှိ ဒေါ်လေးနု (ဘ)ဦးထွန်းလင်း ၉/ပမန(နိုင်)၀၆၃၄၉၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးအောင်ကောင်းမြတ် (ဘ)ဦးအောင်လွင် ၇/ဝမန(နိုင်)၁၃၄၀၇၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ (၂၁)လမ်း၊ တိုက်အမှတ်(၁၀၂/၁၀၄)တိုက်၏(၃-လွှာ)(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ပေခွဲ x ၅၀ ပေ) ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ဝင်းရွှေ ၁၂/လသန(နိုင်)၀၀၄၁၆၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကျင်စန်းခိုင် ၅/ရဘန(နိုင်)၁၆၉၁၂၁ မှ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း (LL.B )၊**
**အထက်တန်းရှေ့နေ (စဉ်-၃၂၄၄၆)**
**ဖုန်း၊ ၀၉-၂၅၃၃၆၇၅၄၉**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၁၂၈)နေ ဦးသူရိန်သက်-ဒေါ်ခိုင်ဆွေလွင်တို့၏ သားကြီးဖြစ်သူ မောင်ဇာဏီဖြိုး ၁၂/မရက(နိုင်)၁၄၁၄၉၃ သည် မိဘစကားကိုနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

**မိဘ ဦးသူရိန်သက်-ဒေါ်ခိုင်ဆွေလွင်**

## တရားဝင် ဇနီးမယားဖြစ်ပါကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်၊ အကွက်(၄၉၀) နေ ကျွန်တော် ဦးမောင်ကို ၉/မရတ(နိုင်)၁၁၆၇၄၉ နှင့် ကျောက်မဲမြို့နယ်၊ ဇီးပင်စခန်းနေ ဒေါ်နန်းအေးငွေ(ခ)မမွှေးမွှေး (ဘ) ဦးချစ်ဆွေ ၁၃/ကမန(နိုင်)၀၈၄၄၈၅ တို့သည် ၂၀၁၂ ခုနှစ်တွင် လူကြီးစုံရာဖြင့် နှစ်ဦးသဘောတူ ထိမ်းမြားလက်ထပ်ခဲ့ကြပြီး မောင်ကျော်မျိုးမြင့်နှင့် မောင်ဇော်မျိုးမြင့်တို့ သားနှစ်ဦး ထွန်းကားခဲ့ပါသည်။

ကျွန်တော်နှင့် ဒေါ်နန်းအေးငွေ (ခ) မမွှေးမွှေးတို့သည် ယနေ့အချိန်ထိ တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးဘဲ တရားဝင်အကြင်လင်မယားဖြစ်ကြောင်း ဒေါ်နန်းအေးငွေ(ခ)မမွှေးမွှေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်စိုး (ခ) စိုးစိုး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅၊ နည်းဥပဒေ-၁ နှင့် ၅)
## သာယာဝတီခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

| | | |
|---|---|---|
| အင်းဝဘဏ်လီမိတက် (၎င်း၏ကိုယ်စား ဦးဇော်မင်းထွန်း- မန်နေဂျာ ရန်ကုန်ဘဏ်ခွဲ) | နှင့် | ၁။ဒေါ်သော်ဇင်လှိုင်ဝင်း ၂။ ဦးခင်မြင့် |
| တရားလို | | တရားပြိုင်များ |

သုံးဆယ်မြို့၊ စံရွေးတန်းရပ်ကွက်၊ စံရွေးတန်းလမ်း ရပ်နေ (၂)တရားပြိုင် ဦးခင်မြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်တွင်အပ်နှံထားသော အာမခံ အပေါင်ပစ္စည်းအား ထုခွဲရောင်းချပေးစေလိုမှု (အပေါင်ဒီကရီ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၁၈ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သာယာဝတီခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/76703 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဆွေ ၉/ခမစ(နိုင်) ၀၁၄၈၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/88358 Canda 125 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/9809 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

## အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်ကမ်းရပ်၊ မေတ္တာ(၃)လမ်း၊ အမှတ်(၈)နေ ဦးအောင်မြတ်(ဘ)ဦးခင်မောင် ၆/ကစန(နိုင်)၀၉၇၈၇၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ -

၂၇-၇-၂၀၁၈ ရက်တွင် ပဒိုအုန်းသွင် ၆/မမန(နိုင်)၂၀၂၅၅၇ ထံမှ ၎င်းလက်ရှိထားပိုင်ဆိုင်ခဲ့သော မြိတ်မြို့နယ်၊ မြေစာရင်းဦးစီးဌာန၏ ၂၂-၃-၂၀၁၂ ရက်စွဲပါ မြေစာရင်း ပုံစံ ၁၀၅ အရ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်-၇၂၈(ခ)ရွှေဒူးမြောက်၊ ဦးပိုင်အမှတ်-၂/၂၊ G1 အမျိုးအစား၊ ဧရိယာ ၃ ဒသမ ၇၂ ဧက ရှိ ဦးအုန်းသွင် အမည်ပေါက်၊ ဥယျာဉ်ခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကာလတန်ကြေးငွေကျပ်သိန်း(၈၀၀)ဖြင့် အဖွဲ့ဒုဥက္ကဋ္ဌနှင့် အသိသက်သေများရှေ့မှောက်၌ ဦးအောင်မြတ်နှင့် ဆွေမျိုးသားချင်းများက အပြီးအပိုင်စာချုပ်စာတမ်း အခိုင်အမာဖြင့် ငွေအပြေအကျေပေးချေပြီး ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လာခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ဦးအုန်းသွင်က ၎င်းနှင့် ဒေါ်အိအိဇင်တို့အကြား ဖြစ်ပွားနေသော အမှုများကို အောင်မြင်ပြီးဆုံးသည်အထိ ရင်ဆိုင်ဖြေရှင်းပေးမည့်အပြင် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိသည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုခဲ့ပါသည်။ အဆိုပါ ကတိအတိုင်း ဦးအုန်းသွင် က ဒေါ်အိအိဇင်နှင့်ကိစ္စကိုဆောင်ရွက်ပေးခဲ့ပြီးနောက် ပုံစံ(၇) ရရှိအောင်ဆောင်ရွက်နေစဉ်အတွင်း ဦးအုန်းသွင် ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် ဦးအုန်းသွင် မှ အထက်ပါခြံမြေကွက်ကို ဦးအောင်မြတ် နှင့် ဆွေမျိုးသားချင်းများအား လက်ရောက်ပေးအပ်ရောင်းချခဲ့ပြီးဖြစ်၍ ယင်းခြံမြေကွက်၏ ပုံစံ(၇)ကို ဦးအောင်မြတ်တို့ကသာ ရယူပိုင်ဆိုင်ရမည်ဖြစ်ကြောင်း ဦးအောင်မြတ်၏ ပြောပြချက်အရသိရှိရပါသည်။ သို့ပါ၍ ယင်းခြံမြေကွက်ကို ဦးအောင်မြတ် တို့မှလွဲ၍ အခြားတစ်စုံတစ်ယောက်က မည်သူ့ကိုမှ ရောင်းချ/ပေါင်နှံ/ ပေးကမ်း/ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ ပြုလုပ်နိုင်ခွင့်မရှိပါကြောင်း၊ ထိုသို့ပြုလုပ်ပါက တရားမဝင်သည့်အပြင် ဦးအောင်မြတ်တို့၏ ခွင့်ပြုချက်မရှိဘဲ မည်သူမျှ အထက်ပါခြံမြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း၊ နေထိုင်ခြင်းမပြုလုပ်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန္ဒီအောင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၉၁၂)**
**အမှတ်-၁၆(က)၊ စပယ်လမ်း၊ (က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၈၀၁၇၂၃၅**

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကျီးပင်စုကျေးရွာနေ ဦးစံပြ၏သား ဦးထွန်းဦး ၇/သနပ(နိုင်)၀၆၈၉၃၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၆၅၄၄**

## ပျောက်ဆုံးကြောင်း

မြောက်ဒဂုံမြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်မင်းရောင်အိမ်ရာနေ (ဘ) ဦးထွန်းလှအောင်၏ သမီး ဒေါ်ခင်မေအေး ၁၂/မရက(နိုင်) ၀၆၈၅၇၆ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၄၂၀၀၆၅၄၄**

## ပတ်စ်ပို့ပျောက်

သာကေတမြို့နယ်၊ ၃-ရန်ပြေနေ (ဘ) ဦးမြင့်လွင်၏သား ရဲထွန်း ၇/ကတခ(နိုင်)၀၀၀၃၃၃ ၏ နိုင်ငံကူး လက်မှတ်အမှတ် (ME-738026)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၀၆၁၀၄၇၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/ 60024 Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သရဖူကျော် ၁၄/မမန(နိုင်)၃၃၂၈၄၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/3687 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်း ၁၄/မအပ(နိုင်)၂၀၁၄၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မအူပင်)မအူပင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6Q/4658၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/2636 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧက၊ မြေကွက်အမှတ် (ဥသ-၄၀၈၃)၊ ဦးတင်လှ ၉/ပမန(နိုင်)၀၀၄၂၆၆ (ဘ)ဦးတော အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးတင်လှ ၉/ပမန(နိုင်)၀၀၄၂၆၆ (ဘ) ဦးတောမှ ဒေါ်သန်းသီဟာသွေး ၁၂/လသယ(နိုင်)၀၂၉၃၇၈ (ဘ) ဦးမြအေး အမည်ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ ဂန္ဓမာ(၃)လမ်း၊ မြေကွက်အမှတ်(ပ-၃၄၃၁၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ပုဗ္ဗသီရိရပ်)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ပေ(၆၀' x ၄၀')၊ ဦးဇာနည်လှိုင် အမည်ပေါက်မြေကွက်အား ဦးကျော်ဇေယျ ၁၄/ကလန(နိုင်)၀၈၁၈၇၈ မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင် အဆောက်အအုံ ဆောက်လုပ် အသုံးပြုလျက်ရှိပြီး ၎င်းမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြင့်ကြည် ၈/မကန(နိုင်)၀၄၈၆၃၂ မှ ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီရည်ဝေ(LL.B, C.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄)၊ ပေါင်းလောင်း(၁)၊ (၈)လမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း-၀၉-၄၃၁၃၅၈၅၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ ပန်းတင်ရပ်ကွက်၊ ပန်းတင်(၂) လမ်းရှိ ဒေါ်သန်း အမည်ပေါက် အကွက်အမှတ် (၈E)အရှေ့ရပ်၊ ဦးပိုင်အမှတ်(၁၂၄ᶜ)၊ ဧရိယာ ၀ ဒသမ ၃၁ ဧကရှိ ဘိုးဘွားပိုင် မြေအား ဒေါ်သန်း အမည်မှ ဦးအောင်ကျော်သူနှင့် ဒေါ်မိုးမိုးခိုင် အမည်ဖြင့် ပြောင်းလဲလျှောက်ထားခြင်းကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ထိုမြေနှင့်သက်ဆိုင်သည့် ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမည်ပြောင်း လျှောက်ထားခြင်းအား ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **(အောင်ကျော်သူ)** | **( မိုးမိုးခိုင်)** |
| **၁၂/ဒလန(နိုင်)၀၂၈၈၆၉** | **၇/ကပက(နိုင်)၀၆၂၂၄၅** |

**ပန်းတင်(၂)လမ်း၊ ပန်တင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့**

## အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့၊ တမံကြီးလမ်းနေ ဒေါ်ခိုင်ဇာဝင်း (ဘ) ဦးငွေအောင် ၁၀/သထန(နိုင်)၁၁၁၈၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဒေါ်ခိုင်ဇာဝင်း ၏ ခင်ပွန်းဖြစ်သူ ဦးဝင်းဘို (ဘ) ဦးညွန့် ၁၀/သထန(နိုင်) ၁၃၈၉၃၀ သည် လွန်ခဲ့သော (၄)နှစ်ကျော်ကတည်းက ထောက်ပံ့ပေးကမ်းခြင်း၊ ဆက်သွယ်ခြင်းမရှိသည့်အပြင် လူမှုရေးကိစ္စများရှုပ်ထွေးနေသဖြင့် ကျွန်ုပ်မိတ်ဆွေ အနေဖြင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရသောကြောင့် စွန့်ပစ်သူ ဦးဝင်းဘိုအား ခင်ပွန်းအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့၍ လင်ခန်းမယားခန်းပြတ်စဲ ကြောင်း ဦးဝင်းဘိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးပပဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၅)**
**အမှတ် (၇၄၈)၊ ရွှေဟသာၤလမ်း၊ ကျိုက္ကော်ရပ်ကွက်၊ သုဝဏ္ဏဝတီမြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၄)ရပ်ကွက်၊ ၁၀ (တောင်)၊ သလ္လာဝတီ(၆)လမ်း၊ မြေတိုင်းရပ်ကွက်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၁၇၂၂/က)၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ စတုရန်း ပေ(၁၂၀၀)၊ အကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ(၁)ထပ်ရေမီးစုံအဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချသူ ဦးမောင်မြင့် ၁၂/သကတ(နိုင်) ၀၅၆၅၁၁ မှ တရားဝင်ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချခွင့်ရှိကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်စိုးအောင် ၁၂/ကကက(နိုင်)၀၀၀၁၀၆ က အပြီးပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးဇော်စိုးအောင်** | **ဦးဝင်းတင် (LLB)** |
| **၁၂/ကကက(နိုင်)၀၀၀၁၀၆** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၉၉)** |
| | **အမှတ်(၄)၊ ၁၄၆လမ်း၊ ကျောက်မြောင်းရပ်** |
| | **တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၆၈၄၈**

# သဗ္ဗညု ပုထိုးတော်ကြီး (ရန်ကုန်) ရွှေထီးတော်တင်လှူပူဇော်ပွဲ ကုသိုလ်ပြုနိုင်ရေးနှိုးဆော်လွှာ



ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကျောက်ရေတွင်းတောင်ပိုင်း၊ သုခလမ်းတွင် အဘွားလေး ဒေါ်ခမွေသီ တည်ထားကိုးကွယ်တော်မူခဲ့သော တန်ခိုးကြီး သဗ္ဗညုပုထိုးတော်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အဘွားလေး ဒေါ်ခမွေသီ၏ တပည့် ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော သဗ္ဗညုဂေါပကအဖွဲ့နှင့် ဒေါက်တာ ဒေါ်ပညာသိရီ သာသနဓဇဓမ္မာစရိယ၊ Ph.D မဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပြည်တွင်းပြည်ပသာသနာပြု၏ အောက်ပါလုပ်ငန်းစဉ်များကို ဆက်လက်၍ ဘက်စုံပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိပါကြောင်း - ကုသိုလ်ရှင် အများကောင်းမှုဖြင့် ယခုအခါ ဥာဏ်တော်အကြီးဆုံးဘုရားကြီးတစ်ဆူဖြစ်တော်မူသော သဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်) ၏ နှစ်ပေါင်းများစွာထီးတော်မြတ်ကြီးသည် ပျက်စီးယိုယွင်းနေပြီဖြစ်ပါသဖြင့် ဒုတိယအကြိမ် ပြန်ထည့်ပြုပြင်ရွှေထီးတော်အသစ်တင်လှူကြမည့် အချိန်တန်ပါပြီ ရှေ့ယခင်အတိတ်ဘဝ အဆက်ဆက်၊ သံသရာအဆက်ဆက်က အဘွားလေး ဒေါ်ခမွေသီနှင့်တကွ တင်လှူထားကြကုန်သော ဘုရားဒါယကာများ၊ ဒါယိကာမများ ယခုဘဝကြောင်းကျိုး ပဋ္ဌာန်းဆက် ဆက်စပ်ကြကုန်သော ပါရမီရှင်များ၊ သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်)အား ၁၃၈၆ခုနှစ်၊ တပို့တွဲလဆန်း(၃)ရက် **(January 31, 2025)** မှစ၍ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) **(May 11, 2025)** အထိ အောက်ပါအကြောင်းအရာ၊ အစီအစဉ်တွင် သဒ္ဓါကြည်လင်ပါရမီရှင်များမှ သဒ္ဓါတရား နည်းများမဆို ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ကြပြီဖြစ်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

၁။ ရွှေထီးတော်အလှူ ကုသိုလ်ဝေစု တစ်စုကို (၁)သိန်းကျပ်၊

၂။ ရွှေစင်ရွှေပြား (၁၀)လက်မပတ်လည် (ကမ္ပည်းထိုးပြီး) (၁၁)သိန်းကျပ်၊

၃။ ရွှေစင်ရွှေပြား (၁၂)လက်မပတ်လည် (ကမ္ပည်းထိုးပြီး) (၁၈)သိန်းကျပ်၊

**ဆက်သွယ်လှူဒါန်းနိုင်သော**

ဒေါက်တာ ဒေါ်ပညာသိရီ -ဖုန်းနှင့် Viber-၀၉-၄၅၀၀၄၆၂၉၀,(U.S.A) +1 626 644 7146

ရုံးဖုန်း-၀၉-၄၂၆၈၉၃၆၄၀၊ ၀၉-၄၅၂၂၀၂၀၁၁

Kpay : ၀၉-၄၅၀၀၄၆၂၉၀ Daw Pinnya Siri, Wave Money : ၀၉-၄၅၀၀၄၆၂၉၀ Shin Pinnya Siri

မရမ်းကုန်း ကမ္ဘောဇဘဏ် - PINNYA SIRI KBZ Bank Account : 23451107000085501

Facebook : သဗ္ဗညုပုထိုးတော်ကြီး(ရန်ကုန်) နီးစပ်ရာ ဘဏ်စာရင်းသို့ ထည့်သွင်းလှူဒါန်းနိုင်ကြပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/2091 Honda Dream 100 ယာဉ်လက်ဝယ်ရှိသူ ဦးသဲမောင် ၁၄/လပတ(နိုင်)၂၀၄၈၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၄၀၄၈၇ JJXY 125 M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/32000 FLAcon 125 M/C ယာဉ်လက်ဝယ်ရှိသူ Lwin Moe Aung Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/45419 Tayan 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သိင်္ဂီစိုး ၉/မရတ(နိုင်)၁၁၃၅၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/45789 Yunde 110 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းညီညီကို ၉/ငဇန(နိုင်)၁၀၃၆၅၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 60W/12976 Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုး ၁၄/ကခန(နိုင်)၀၈၄၃၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## အမည်ပြောင်း

ဟသ်ာတမြို့နယ်၊ လက်ပံကုန်း(ဆိပ်) အခြေခံပညာ မူလတန်းကျောင်း၊ Grade-4 မှ ဦးဇေယျာလင်း ၏ သမီး မစုလင်းနွယ် အား မဆုရတီထက် ဟု ပြောင်းလဲ ခေါ်ဝေါ်ပါရန်။

မဆုရတီထက်

## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ရှမ်းတော(ခြင်ဘို့)အခြေခံပညာအလယ်တန်းကျောင်း၊Grade-6 မှ မစုရတီအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်းအောင် ၁၄/ဟသတ(နိုင်)၃၈၈၅၇၁ ဖြစ်ပါသည်။

ဦးတင်ဝင်းအောင်

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးမျိုးမင်းဇော် ၇/ဇကန(နိုင်)၀၄၇၈၄၄ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၃၄၇၂၈၃၁

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/5613 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## မိဘအမည်မှန်

ကလေးမြို့၊ ပြည်တော်သာရပ်ကွက်နေ အထက-၄၊ Grade-1 မှ မောင်ထန်ဆောမ်လျှန်၏ မိဘအမည်မှန်မှာ ဦးခမ်လျှန်းစန် ၅/ကလထ(နိုင်)၂၅၈၁၈၂ နှင့် ဒေါ်ကျိုနိင်ဂိုက်ရှင်း ၅/ကလထ(နိုင်)၂၃၀၀၆၁ ဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၁ နှင့် ၅) သာကေတမြို့နယ်တရားရုံးတော်၌ ၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ်-၁၃

ဒေါ်မိမိခိုင် (တရားလို) နှင့် ဦးအေး (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ မြို့မ (၈) လမ်း၊ အမှတ်(၃၉) နေ ဦးအေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိမိခိုင်က ပဋိညာဉ်အတိုင်းအရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်)တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင် သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ကိုကို)
မြို့နယ်တရားသူကြီး
သာကေတမြို့နယ်တရားရုံး

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နေ ဦးလီးကင်စိန်(ခ) လီးကျင်းဆိန်၏ သမီးဖြစ်သူ မဖူးပွင့်မေ ၁၃/လရန(နိုင်)၂၃၄၄၆၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉-၂၅၅၄၄၂၉၂၆

## ပတ်စ်ပို့ပျောက်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်မြေ(၈)၊ မြဝတီရပ်ကွက်နေ ဦးရဲမြင့် ၉/တကန(နိုင်)၀၃၅၉၅၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၄၁၈၇၉၂

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၇)ရပ်ကွက်၊ အောင်ဇမ္ဗူလမ်း၊ အိမ်အမှတ် (၁၄၈၃)နေ ဖခင် ဦးဝဏ္ဏဦး ၁၂/တမန(နိုင်) ၀၂၉၂၆၄ နှင့် မိခင် ဒေါ်ခင်အုံးမြင့် ၁၀/မဒန(နိုင်)၀၈၂၅၄၇ တို့၏သားဖြစ်သူ မောင်ပြည်စိုးဝဏ္ဏ ၁၂/ဒဂတ(နိုင်)၀၉၉၇၁၄ သည် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စများအား အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သော မည်သည့်ကိစ္စရပ်များကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင် ဦးဝဏ္ဏဦး ၁၂/တမန(နိုင်)၀၂၉၂၆၄
မိခင် ဒေါ်ခင်အုံးမြင့် ၁၀/မဒန (နိုင်)၀၈၂၅၄၇

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/45332 Yun Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူKhwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 2U/9854 SHINE RAY XY 250 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လဲ့လဲ့ဇင် ၁၄/ဟသတ(နိုင်) ၃၁၄၆၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 66W/48410 Lifan 110 ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၁၄/ဟသတ(နိုင်)၃၉၆၂၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟသ်ာတ)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်ပြည့်ဖြိုးကျော်(ခ)အဒို့ ၃/မဝတ(နိုင်) ၀၈၇၁၈၄ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မိဘ - ဦးခင်မောင်ညွန့် ၇/ပခန(နိုင်)၀၅၃၄၃၇
ဒေါ်ရင်ရင်အေး ၁၀/ကထန(နိုင်)၀၈၇၅၇၆
အမှတ်(၄)၊ မြဝတီမြို့

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2K/9950 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၀၅၅ကေရှိဒေါ်မြင့်မြင့်စန်း၇/တငန(နိုင်)၀၁၂၇၅၈(ဘ)ဦးသိန်းမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ–၃၀၆၉၂)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စား လှယ်လွှဲစာအမှတ်(၃၇၅၁/၂၀၂၂)(၂၂–၈–၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဇော်သူအောင် ၇/ဖမန(နိုင်)၁၅၁၀၅၇ (ဘ) ဦးအေးလွင်မှ ဒေါ်ဆုမွန်ကျော် ၁၃/တကန(နိုင်)၂၅၆၇၄၆ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ အမှတ်–၅၆၊ မြေညီထပ်၊ (ခေါင်းရင်းခန်း) ဟုခေါ်တွင်သော တိုက်ခန်းကိုလက်ရှိလက်ဝယ်ပိုင်ဆိုင်ထားပြီး အရောင်းအဝယ်ပြုလုပ်ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်သော ၁။ ဦးစိုးစိုးမင်း ၁၂/ဗတထ(နိုင်)၀၂၁၀၉၀၊ ၂။ ဒေါ်သန်းသန်းချို ၁၀/မဒန(နိုင်)၀၉၉၆၈၂ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ၁။ ဦးကျော်မင်းစိုး ၇/တငန(နိုင်)၁၅၃၈၂၅၊ ၂။ ဒေါ်ခင်မျိုးဆင့် ၇/တငန(နိုင်)၁၆၄၃၄၇ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ (၁၄)ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ–**

**ဦးသူရိန်မြင့် LL.B (စဥ်–၉၅၂၁/၂၀၁၃ခုနှစ်)**
**ဒေါ်ဆုမွန်ဆွေ LL.B,D.B.L (စဥ်–၁၂၈၁၈/၂၀၁၇ခုနှစ်)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၃၁၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း –၀၉–၅၀၅၉၈၂၂၊ ၀၉–၇၉၅၇၉၀၇၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ မြေရေိယာ ၀ ဒသမ ၀၅၅ ကေရှိ မြေကွက်အမှတ်(ပ–၃၁၃၉၆) ကိုအမည်ပေါက်ဦးအောင်အောင်ဝင်း(ဘ)ဦးစိန်ဝင်း ၁၂/ဥကမ(နိုင်)၁၁၆၁၀၅ မှ ဦးမောင်ဖြိုး(ဘ)ဦးကြူးမြင့် ၁၂/ရကန(နိုင်)၀၇၄၁၆၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ ကေရှိ မြေကွက်အမှတ် (ပ–၂၃၉၂၆) ကို အမည်ပေါက် ဒေါ်ဆောင်းနှင်းဝေနိုင် (ဘ)ဦးကျော်နိုင် ၅/ကလတ(နိုင်)၀၉၂၈၂၀ မှ ဒေါ်နီလာမြင့် (ဘ) ဦးလှမြင့် ၁၂/ပဘတ(နိုင်)၀၂၉၇၈၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါ ရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေရေိယာ ၀ ဒသမ ၁၁၀ ကေရှိ မြေကွက်အမှတ်(ပ–၂၀၇၈၇)ကို အမည်ပေါက် ဦးအောင်တလိုင်း (ဘ)ဦးမောင်ရွှေ ၉/ကဆန(နိုင်)၀၀၅၁၄၂ မှ ဦးလင်းထိုက်အောင် (ဘ)ဦးညွန့်မောင် ၁၂/ဒဂတ(နိုင်)၀၄၇၉၁၁ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၄၊ ဘုရင့်နောင်အကွက်)၊ မြေကွက်အမှတ်(၁၁၁)၊ မြေမျိုးနှင့်အတန်း(မြို့မြေ)၊ မြေရေိယာ(၀ ဒသမ ၀၉၆) ကေရှိ မြေနေရာအား လူနေအိမ်ဆောက်လုပ်အသုံးပြုရန်အတွက် မြေငှားဂရန်လျှောက်ထားခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ ၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်မတိုင်မီ ဘီးလင်းမြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေငှားဂရန်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်ခင်လှ ၁၃/ကတတ(နိုင်)၀၀၀၀၅၆**
**မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ပင်းဝကျွန်းကျေးရွာနေ (ဘ) ဦးညိုဝင်း၏ သားမောင်မျိုးဆက်နိုင်ဝင်း ၈/ရနခ(နိုင်)၁၇၈၃၉၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၇–၄–၂၀၀၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦး ခရိုင်၊ ငါ့သရောက်မြို့၊ အထက(ခွဲ) ဝက်လူး(G–11)မှ မသင်းသင်းမာ၏ ဖခင်အမည်မှန်မှာ ဦးကျော်သိန်း ၉/ငသရ(နိုင်)၀၀၁၈၆၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျဉ်းမနားမြို့၊ ရဲစခန်းဝင်းနေ (ဘ)ဦးမင်းမင်းလတ်၏ သားမောင်ရဲမင်းခန့်နှင့် မောင်ဝေယံကောင်းမြတ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ရဲမင်းခန့်(ခ)ဝေယံကောင်းမြတ်**

## ကန့်ကွက်နိုင်ပါကြောင်း

ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၉/တာဟန်းရပ်)၊ ဦးပိုင် (၃၁)၊ ဧရိယာ၀ ဒသမ ၁၇၃ကေအား ဦးမျိုးထန်းသန့်ပါ (၂)ဦး ၅/ကလထ(နိုင်)၁၁၁၂၄၆ မှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးမျိုးထန်းသန့်**
**၅/ကလထ(နိုင်) ၁၁၁၂၄၆**
**ဖုန်း–၀၉–၉၈၈၅၆၅၈၃၁**

## ကန့်ကွက်နိုင်ပါကြောင်း

ကလေးမြို့၊ သဇင်ရပ်ကွက်၊ အကွက်အမှတ် (၃၆/မော်တော်ယာဉ်ရပ်)၊ ဦးပိုင်(၅၅)၊ ဧရိယာ ၀ ဒသမ ၁၈၈ကေအား ဦးဇမ်းရှင်းလျှန်း ၄/တတန(နိုင်)၀၃၆၇၄၇ (ဘ) ဦးကိုင်းခန့်ထန်မှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဇမ်းရှင်းလျှန်း**
**၄/တတန (နိုင်) ၀၃၆၇၄၇**
**ဖုန်း–၀၉–၄၀၄၉၈၂၈၇၀**

# (၂၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

# ဗိုလ်မှူးကိုကိုမောင်(စိုးနိုင်)

# လေ–၁၈၆၂

# D.S.A (23) ရဟတ်ယာဉ်မှူး

ချစ်လှစွာသောအစ်ကိုကြီး မိသားစုနှင့် ရုတ်တရက်ခွဲခွာသွားသည်မှာ ယနေ့ ၁၉–၂–၂၀၂၅ ရက်ဆိုလျှင် (၂၄)နှစ်ပြည့်မြောက်သွားပြီဖြစ်သော်လည်း မိသားစုညီအစ်ကိုမောင်နှမများအနေဖြင့် တစ်နေ့တစ်ရက်မှမမေ့ရပါ။အစ်ကိုကြီး ဗိုလ်မှူးကိုကိုမောင်(စိုးနိုင်)အတွက် နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရနေပါ၏။ ယခုရောက်ရှိသောဘုံဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ပြုပြုသမျှကောင်းမှုအစုစုတို့ကို အမျှပေးဝေပါတယ်။ မြင့်မြတ်ရာဘုံဘဝမှ သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ–––

**ချစ်ဇနီး** – (ဒေါ်ခင်စံပယ်လှတင်)
**ချစ်သားသမီးများ** – မဝင့်ဖြူကိုကိုမောင်(KBZ Bank)
ဗိုလ်မှူးဝင်းထက်အောင်(တပ်မတော်လေ)
မန္တန်းလဲ့ကိုကိုမောင်
**မြေးငယ်လေး** – မဆုသံစဉ်
**ညီအစ်ကိုမောင်နှမများ** – ဒေါ်ခင်မမနှင့်ညီအစ်ကိုမောင်နှမများ
(နှင်းပုလဲမိသားစု) တမာကုန်းရပ်ကွက်
အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
**ချစ်ညီလေး** – ဦးမြင့်ထွန်း(ခရိုင်အုပ်ချုပ်ရေးမှူး)–ဒေါ်မဥ္ဇူမြင့်
ကော့ကရိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ညီမအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မိုးမိုးမြင့် ၁၂/ဗဟန(နိုင်)၀၄၉၇၉၃နှင့် ဒေါ်ဝါဝါသန်း ၁၂/ဗဟန(နိုင်)၀၃၇၆၆၆ (စိတ်လှတံဆိပ်ရိုက်လုပ်ငန်း)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေများ၏ ညီမအရင်းဖြစ်သူ ဒေါ်ခင်မို့မို့သန်း ၁၂/ဗဟန(နိုင်)၀၇၅၄၃၄ သည် (ဦးသန်းအောင်–ဒေါ်ခင်နီနီ)တို့၏ သားသမီး(၉)ဦးအနက်မှ (၇) ယောက်မြောက်သမီးဖြစ်ပြီး မိဘများကွယ်လွန်ချိန်မှစ၍ ၎င်းအား အစ်မဖြစ်သူများမှ စောင့်ရှောက်ထားခြင်းဖြစ်ပြီး အစ်မဖြစ်သူများ၏ ဆိုဆုံးမခြင်းကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှ စ၍ ဒေါ်ခင်မို့မို့သန်းအား ညီမအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော လူမှုရေးအရှုပ်အရှင်း၊ ငွေကြေးအရှုပ်အရှင်းမှ အစထား၍ ကိစ္စအဝဝ အားလုံးအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေတို့၏ မိသားစု (စိတ်လှတံဆိပ်ရိုက်လုပ်ငန်း)တို့အပေါ် နစ်နာစေသည့်၊ ဂုဏ်သိက္ခာကျဆင်းစေသည့်အပြုအမူများ ဆောင်ရွက်လာပါက မည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးမြင့် နှင့် ဒေါ်ဝါဝါသန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထူးသဉ္ဇာဦး(LLB,CBL,DBL) (DL 101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၁၆၄၈၃)**
**အမှတ်–၃၂၀၊ ၃လွှာ၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း–၀၉ –၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း–၂၊/မြေကွက်အမှတ် (၆၆၂)၊ ဧရိယာ၀ ဒသမ ၀၅၅ ကေရှိ ဒေါ်သန္တာမင်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၀၁၄/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးစိုးဝင်းဇော် ၁/ရကန(နိုင်)၀၃၁၇၅၆ မှ မြေငှားစာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်သန္တာမိုး ၁/ရကန(နိုင်)၀၃၁၄၃၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ရွှေပြည်သာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-င / ၁၂၊လှူနေရပ်ကွက် အမှတ်-၄၊ပန်းခြံ(၃)လမ်း၊မြေကွက်အမှတ်-၄၅၇၊အကျယ်ပေ(၆၀x၆၀)၊ဧရိယာ(၀ဒသမ၀၈၂)၊ (၃၆၀၀) စတုရန်းပေရှိ ဦးမောင်ပိုက် အမည်ပေါက် မြေချပါမစ် ထွက်ရှိထားသော ပါမစ်မြေအမျိုးအစား မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အစပ်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဦးမောင်မောင် ၁၂/လသန(နိုင်)၀၁၁၀၆၀ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ နှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၆၄၈၄)**
**အမှတ်–၃၃၊ ရွှေဘုန်းပွင့်ဘုရားလမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၄၂၅၃၇၂၆၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၁၈၊ မြေကွက်အမှတ်–၁၆၇၊ အကျယ်အဝန်း (၄၀ x ၆၀)ပေအနက်မှ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ဦးစိန်ဝင်း အမည်ပေါက် မြေချပါမစ်မိတ္တူခြမ်း မြေကွက်အမှတ်–၁၆၈ နှင့်ကပ်လျက်အခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးစိန်ဝင်း အမည်ပေါက် မြေချပါမစ်မိတ္တူနှင့်တကွ စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မိုးမိုးရည် ၁၂/ဒဂရ(နိုင်)၀၁၉၀၀၂ မှ အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်သည့်စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကြူကြူဝင်း ၁၂/အစန(နိုင်)၂၂၀၅၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဒေဝီ (LL.B)**
**အထက်တန်းရှေ့နေ**
**(စဥ်–၅၃၄၃၁/၂၀၂၀)**
**အမှတ်(၉၁၃)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၇၉၃၀၆၀၅၀၈**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ အမှတ်(၁)နယ်မြေ၊ သာယာဝတီ (အလယ်)ရပ်နေ (ဘ)ဦးကျော် ၉/ညဥန(နိုင်)၁၀၃၅၁၂ ၏ သားဖြစ်သူ မောင်ကျော်စွာဟိန်း ၉/ညဥန(နိုင်)၂၂၄၅၅၁ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှန် သမျှကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်

**ဦးကျော်**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်အုပ်စု၊ (၂)လမ်း၊ နယ်မြေ(၅)နေ ဦးသန်းထွန်းအောင် – ဒေါ်က္ကန္ဒနီလာတို့၏သား မောင်မိုးဆက် ၇/လပတ(နိုင်)၁၅၉၀၃၃ သည် မိဘများ၏ သွန်သင်ဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား (လုံး၀) (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(မေးမြန်းစုံစမ်းခြင်းသည်းခံပါ)**
**ဦးသန်းထွန်းအောင်**
**၇/လပတ(နိုင်)၀၀၅၆၈၆**
**ဒေါ်က္ကန္ဒနီလာ**
**၇/မညန(နိုင်)၀၁၂၂၄၄**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ငါ့သရောက်မြို့၊ဆည်ကျေးရွာနေ ဦးသန်းရွှေ–ဒေါ်ဖွားဆယ်တို့၏ သမီး မမြင့်မြင့်ခိုင် ၉/ငသရ(နိုင်)၀၀၃၃၃၂ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သည့်အတွက် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမှန်သမျှကို လုံး၀ (လုံး၀) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသန်းရွှေ–ဒေါ်ဖွားဆယ်**

သင့်သွေးဖြင့် အသက်ကယ်ပါ

❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## MNL ပြိုင်ပွဲ ဒဂုံစတားကို ရတနာပုံအသင်း နောက်ကျဂိုးများဖြင့် အနိုင်ယူ

**ရန်ကုန် ဖေဖော်ဝါရီ ၁၈**


၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရတနာပုံအသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ထိပ်ဆုံး သုံးသင်းအတွင်း ဝင်ရန်ကြိုးပမ်းနေသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် ရာသီပိတ်ပွဲစဉ်များတွင် ဆက်တိုက်ခြေချော်နေပြီး နှစ်ပွဲဆက်ရှုံးနိမ့်မှုနှင့်အတူ အဆင့် ၄ နေရာမှာပင် ဆက်လက် ရပ်တည်နေသည်။ ရတနာပုံအသင်းသည် ယခုပွဲ အနိုင်ရခဲ့သဖြင့် ထိပ်ဆုံးငါးသင်းအတွင်းဝင်ရန် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၃* ❖


ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားစဉ်။

## ဗယ်လက်ကာနိုကို အနိုင်ရပြီး အမှတ်ပေးဇယား ဘာစီလိုနာ တစ်ကျော့ပြန် ဦးဆောင်


ဘာစီလိုနာနှင့်ဗယ်လက်ကာနိုအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားစဉ်။

စပိန်လာလီဂါပွဲစဉ်(၂၅) မှ ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာနှင့် ဗယ်လက်ကာနိုအသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဒီဇင်ဘာလနောက်ပိုင်း အမှတ်ပေးဇယားကို တစ်ကျော့ပြန်ဦးဆောင်နိုင်ခဲ့သည်။

ဘာစီလိုနာအသင်းမှ အဓိကတိုက်စစ်ကစားသမား လီဝမ်ဒေါစကီးသည် ယခုပွဲစဉ်တွင် ထပ်မံခြေစွမ်းပြသနိုင်ခဲ့ပြီး ပွဲကစားချိန် ၂၈ မိနစ်တွင် ရရှိခဲ့သော ပယ်နယ်တီကို အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည်။ လီဝမ်ဒေါစကီးသည် အဆိုပါ သွင်းဂိုးကြောင့် လာလီဂါတွင် ၂၃ ပွဲကစားပြီး သွင်းဂိုး ၂၀ ရှိလာပြီ ဖြစ်သည်။ ထို့အပြင် ၎င်းသည် ယခုနှစ်ရာသီပြိုင်ပွဲအရပ်ရပ်တွင်လည်း ဘာစီလိုနာအသင်းအတွက် စုစုပေါင်း သွင်းဂိုး ၃၂ ဂိုးရှိလာပြီ ဖြစ်သည်။

*စာမျက်နှာ ၁၃ ကော်လံ ၁* ❍

## (၁၈.၂.၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅၄၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ယနေ့ သတင်းအညွှန်း**

**တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**



ပြည်တွင်းသတင်း စာ ၁၈

**အကြမ်းဖက်သမားများက တနင်္သာရီမြို့နယ် ပနပ်ငယ်ကျေးရွာအနီး၌ အရပ်သားပြည်သူများ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် တစ်စီးအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် ကလေးငယ်များအပါအဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးရှစ်ဦးတို့၌ မိုင်းစထိမှန်ဒဏ်ရာများရရှိ**

ပြည်တွင်းသတင်း စာ ၁၉